# ကြေးမုံ The Mirror

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့ (7-3-2013) (၇၄၁၇)


**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နှစ်နှစ်တာကာလအတွင်း မြန်မာ့လူ့အဖွဲ့အစည်း၌ ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာလာရေး ကြိုးစားလုပ်ဆောင်ခဲ့ အလုပ်သမားပြဿနာများမှစ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများအထိ စားပွဲဝိုင်းတွင် အဖြေရှာခြင်းကို တွေ့မြင်နေရပြီဖြစ်

**နေပြည်တော် မတ် ၆**

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဘရပ်ဆဲလ်မြို့ရှိ ဥရောပကော်မရှင်ရုံး၌ ဥရောပကော်မရှင်ဥက္ကဋ္ဌ Mr. Jose Manual Barroso နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများနှင့် ဘယ်လ်ဂျီယံနိုင်ငံနှင့် ဥရောပသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးပေါ်လွင်စိန်တို့ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေမှုအခြေအနေ၊ ထာဝစဉ်တည်တံ့မည့် ငြိမ်းချမ်းရေးတည်ဆောက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးပိတ်ဆို့မှုများကို အပြီးတိုင်ဖယ်ရှားရေးနှင့် မြန်မာနိုင်ငံအနေဖြင့် GSP(Generalized System of Preferences) အခွင့်အရေးရရှိရေး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အခြေအနေနှင့် လူသားချင်း စာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပပြီး နိုင်ငံတော်သမ္မတက မီဒီယာများအား ရှင်းလင်းပြောကြားရာ၌ မိမိတို့မြန်မာနိုင်ငံ၌ အလွန်အရေးကြီးသော နိုင်ငံ၏ အလှည့်အပြောင်းဟုဆိုရမည့် အသွင်ကူးပြောင်းရေးကို လုပ်ဆောင်နေချိန်၊ စစ်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ စတင်ကူးပြောင်းနေချိန်၊ ဗဟိုဦးစီး စီးပွားရေးစနစ်မှ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်သို့ စတင်ကူးပြောင်းနေချိန်၊ ကာလရှည်ကြာဖြစ်ပွားခဲ့သော ပြည်တွင်းစစ်မီးကိုငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးကို စတင်ဖော်ဆောင်နေချိန်တွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူရသည့်အတွက် အလွန်ပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ယခင်ခေတ်များကထက် နိုင်ငံရေးအရ ပိုမိုပွင့်လင်းမြင်သာသော အခြေအနေများ၊ ပိုမိုလွတ်လပ်စွာ ပါဝင်ခွင့်ပြုသည့် အခြေအနေများကို မိမိတို့အစိုးရအနေဖြင့် ဖန်တီးဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ ပြည်သူများအကြား ကာလရှည်ကြာ လွှမ်းမိုးနေသည့် သမိုင်းနှင့်ချီသော အကြောက်တရားများကို လျှော့ချပေးနိုင်မည့် နိုင်ငံရေးဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးပြီး အားလုံးကို ကိုယ်စားပြုသည့် ထင်သာမြင်သာရှိသော နိုင်ငံရေးဖြစ်စဉ်တစ်ရပ်ကို အစပြုပေးနိုင်ခဲ့ခြင်းလည်း ဖြစ်ပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရပ်ဆဲလ်မြို့ရှိ ဥရောပကော်မရှင်ရုံး၌ ဥရောပကော်မရှင်ဥက္ကဋ္ဌ Mr. Jose Manual Barroso နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

လက်ရှိပေါ်ပေါက်နေသည့် နိုင်ငံရေးဖြစ်ထွန်းမှုများ၏ အဓိကအကြောင်းရင်းများမှာ နိုင်ငံရေးအရ ထိပ်တိုက်ရင်ဆိုင်ပြီး အတိုက်အခံအဖြစ်ရှိခဲ့ကြသော နိုင်ငံရေးအင်အားစုများအကြား စေ့စပ်ပြေလည်မှုများနှင့် ယုံကြည်မှုများ တည်ဆောက်လာနိုင်ခြင်း၊ မြန်မာ့လူ့အဖွဲ့အစည်း၏ နိုင်ငံရေးအင်အားစုအသီးသီးသည် သမိုင်းကြောင်းအရ ရရှိရန်ခက်ခဲခဲ့သည့် နိုင်ငံရေးအရ သည်းခံနိုင်စွမ်းကို ယဉ်ကျေးမှုတစ်ရပ်အနေဖြင့် လက်ခံကျင့်သုံးလာကြခြင်းနှင့် နိုင်ငံသားများသည် နိုင်ငံရေးဖြစ်စဉ်အတွင်း ငြိမ်းချမ်းစွာပါဝင်လာကြခြင်းတို့ပင် ဖြစ်ပါကြောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

## ပင်လယ်ဇီဝဆေးဝါးသစ်များ ဖော်ထုတ်နိုင်ရန် ပင်လယ်သမုဒ္ဒရာများအတွင်း သုတေသနပြုလုပ်မည်

**လန်ဒန် မတ် ၆**

လူတို့၏ အသက်ကိုကယ်တင်ပေးနိုင်မည့် ပင်လယ်ဇီဝဆေးဝါးသစ်များအား တီထွင်ဖော်ထုတ်နိုင်ရန် ဗြိတိန်နိုင်ငံ စကော့တလန်ဒေသရှိ သိပ္ပံပညာရှင်များက ပင်လယ်သမုဒ္ဒရာများအတွင်း သုတေသနပြုလုပ်မည်ဖြစ်ကြောင်း သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အာတိတ်ဒေသနှင့် အန္တာတိတ်ဒေသတို့ရှိ ပင်လယ်သမုဒ္ဒရာများအတွင်း ပင်လယ်ဇီဝဆေးဝါးသစ်များ ထုတ်လုပ်နိုင်မည့် ကုန်ကြမ်းပစ္စည်းများကို ရှာဖွေနိုင်ရန် စကော့တလန်ဒေသရှိ အဘာဒင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက လေ့လာသွားကြမည်ဖြစ်သည်။

ပင်လယ်သမုဒ္ဒရာကို အခြေခံ၍ ထုတ်ယူမည့် ပင်လယ်ဇီဝဆေးဝါးသစ်များ ဖော်ထုတ်ရေး စီမံကိန်းအတွက် ပေါင်ငွေ ရှစ်သန်း ကျခံသုံးစွဲမည်ဖြစ်သည်။

သိပ္ပံပညာရှင်များသည် ဝင်ရိုးစွန်းဒေသများ၌ ရွှံ့အနည်အနှစ် နမူနာများကိုရယူကာ ပင်လယ်ဇီဝဆေးဝါးသစ်များထုတ်လုပ်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ သုတေသနပြုလုပ်မည်ဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာကာလအတွင်း ပင်လယ်ဇီဝဆေးဝါးများအား အသုံးပြုကာ လူသန်းပေါင်းများစွာ၏ အသက်ကို ကယ်တင်ပေးနိုင်ခဲ့သည်။ သို့ရာတွင် ဗက်တီးရီးယားပိုးမွှားများသည် ပင်လယ်ဇီဝဆေးဝါးများကို အာခံနိုင်သော ဂုဏ်သတ္တိများတိုးပွားလာသဖြင့် ပင်လယ်ဇီဝဆေးဝါးသစ်များကို ဖော်ထုတ်ရန် လိုအပ်လာသည်။

အဘာဒင်းတက္ကသိုလ်မှ ဓာတုဗေဒပါမောက္ခ မာဆဲလ်ဂျက်စပါ ဦးဆောင်သော သုတေသနအဖွဲ့သည် ပင်လယ်သမုဒ္ဒရာများကို အခြေခံ၍ ပင်လယ်ဇီဝ **စာမျက်နှာ ၉ ကော်လံ ၇ သို့ ✻**

**ဘာသာပြန် - သတင်းလုလင်**



ပင်လယ်ဇီဝဆေးဝါးသစ်များ ဖော်ထုတ်နိုင်ရန် သမုဒ္ဒရာအတွင်း လေ့လာသုတေသနပြုမည့် သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့။

**ယနေ့ မာတိကာ**

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့် မီဒီယာတို့၏အသံ
စာမျက်နှာ - ၆

လမ်းပတ်နှင့်စာချုပ်သစ်ချုပ်ရန် ဆွေးနွေးထားခြင်းမရှိကြောင်း ချယ်လ်ဆီးငြင်းဆို
စာမျက်နှာ - ၁၃




အတွေးအမြင်

**ကြေးမုံစာတည်းရှုထောင့်** ၇-၃-၂၀၁၃ [ကြာသပတေးနေ့]

# မြန်မာ့စိတ်ရင်းစေတနာမှန်

ဒီမိုကရေစီအသွင်ကူးပြောင်းမှု နှစ်နှစ်တာကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများမှာ မြန်မာနိုင်ငံတွင် အဆင့်လိုက်ဖြစ်ပေါ်လျက်ရှိသည်။ မျက်မှောက်ကာလ၌ အသွင်ကူးပြောင်းလျက်ရှိသည့် အခြားနိုင်ငံများထက်စာလျှင် မိမိတို့မှာ ပိုမိုသိသာထင်ရှားသည်မှာ အမှန်ပင်။

အပြောမဟုတ် လက်တွေ့ကျကျ ပြုပြင်ပြောင်းလဲနိုင်သောကြောင့် ပြည်တွင်းသာမက နိုင်ငံတကာကပါ လက်ခံအသိအမှတ်ပြုလာကြသည်မှာ မငြင်းနိုင်သော အကြောင်းတရားများဖြစ်သည်။ ယနေ့ကာလ၌ နိုင်ငံ့ခေါင်းဆောင်များ ပြည်ပသို့သွားရောက်ခဲ့မှုအခြေအနေများက သက်သေထင်ရှားပြသလျက်ရှိသည်။

နိုင်ငံတကာသို့ သွားရောက်နေသည်မှာလည်း တိုင်းသူပြည်သားများ၏ အကျိုးအတွက်ဖြစ်သည်။ နိုင်ငံတကာနှင့် ဆက်ဆံရေးကောင်းမွန်အောင်၊ ယခင်ကပိတ်ဆို့ထားသည့် စီးပွားရေးအား ဖြေလျှော့ပေးလာသည်မှ လုံးဝပယ်ဖျက်ပေးသည်အထိ ရောက်အောင် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းသည် မြန်မာနိုင်ငံနှင့် နိုင်ငံသားများအကျိုးပင် ဖြစ်သည်။

ထိုသို့ကြိုးပမ်းအားထုတ်နိုင်မှုကြောင့် မူလကတည်းက အခြေအနေကောင်းများရှိပြီးဖြစ်သည့် ကျောက်ရိုင်းတစ်ပွင့်သည် မကြာမီ ငွားငွားစွင့်စွင့်ဖြင့် အရည်အသွေးမြင့်သည့် တန်ဖိုးမဖြတ်နိုင်သော အဖိုးတန်ကျောက်မျက်ရတနာကဲ့သို့ ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

ထိုသို့ရလဒ်ကောင်းများ၊ အခြေအနေကောင်းများ ရရှိလာမည့်အချိန်အခါ၌ အမိအိမ်ကြီးတွင် အနစ်နာခံ အပင်ပန်းအဆင်းရဲခံကာ ရုန်းကန်လှုပ်ရှားခဲ့ရသည့် မိသားစုဝင်များအဖို့ အကြောင်းအမျိုးမျိုးကြောင့် အမိအိမ်ကြီးမှ စွန့်ခွာသွားခဲ့ကြသော သွေးချင်းသားချင်း မိသားစုအရင်းများကို ထမင်းကောင်းစားရသည့်အခါ၌ မိသားစုဝင်များကို မမေ့သကဲ့သို့ သတိရမျှော်လင့်ကြသည်မှာ မြန်မာ့စိတ်ရင်းဖြစ်သည်။

သာယာတိုးတက်ကောင်းမွန်တော့မည့် အမိအိမ်ကြီးတွင် မိသားစုအားလုံး စုံစုံလင်လင် သိုက်သိုက်ဝန်းဝန်း မြင်လိုလှသည်။ ထိုအချိန်တွင် အမိအိမ်ကြီးသို့ စွန့်ခွာသွားကြသူများ ပြန်လာပြီး အမိအိမ်ကြီးနှင့် မိသားစုဝင်များ အားလုံးတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းလုပ်ဆောင်ရင်း အကျိုးစီးပွားများကို မျှဝေခံစားကြဖို့ဖြစ်သည်။

အမိအိမ်၊ အမိနိုင်ငံကို စွန့်ခွာသွားခဲ့ကြသော မိသားစုဝင်များအားလုံး၏ ရိုးရှင်းသည့် ပကတိခံစားချက်များမှာ အားလုံးအမိအိမ်ကြီးအတွင်း၊ အမိအိမ်ကြီး၏ အရိပ်အာဝါသအောက်အတွင်း အေးချမ်းပျော်ရွှင်စွာ စုစည်းနေထိုင်လိုကြသူများပင်ဖြစ်သည်။

သူစိမ်းမည်မျှကောင်းကောင်း အမိမေတ္တာကို မမီနိုင်သကဲ့သို့ အေးမြသည့် အမိမေတ္တာရင်ခွင်တွင် ခိုလှုံချင်ကြသည်။ သို့သော် အရိပ်နေနေ အခက်ချိုးချိုး မနေဖို့တော့လိုမည်ဖြစ်သည်။ အမိအိမ်၊ အမိမြေတွင် နေထိုင်စဉ်ကာလအတွင်း အမိမြေကို ပြန်လည်ကျေးဇူးဆပ်ရန်နှင့် မိမိတို့ ဘဝများ တိုးတက်အောင် ဆောင်ရွက်ကြရန်၊ အချင်းချင်းစည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်သွားကြဖို့ဖြစ်သည်။

တစ်ချိန်က အခြေအနေအကြောင်းအမျိုးမျိုးကြောင့် အမိမြေ၊ အမိအိမ်ကြီးကို စွန့်ခွာသွားကြသူများ အမြောက်အမြားရှိမည်ဖြစ်သည်။ တစ်အူထုံ့ဆင်း မောင်ရင်းနှမများ ဖြစ်ကြသော်လည်း သဘောမတူ မညီမမျှ ကွဲလွဲမှုများလည်း ရှိချင်ရှိကြမည်ဖြစ်သည်။

ယခု ထိုမညီမျှမှုများကို ညီမျှအောင်၊ အသွင်မတူသည်များကို အသွင်တူအောင် အတတ်နိုင်ဆုံးဖော်ဆောင်ပေးမည့် ပြုပြင်ပြောင်းလဲမှု၊ အများဆန္ဒနှင့်အနီးစပ်ဆုံးကိုက်ညီမည့်အနေအထားများသို့ရောက်ရှိအောင် ဖော်ဆောင်ပေးမည့်စနစ်များလည်း ရှိလာပြီဖြစ်သည်။

သူစိမ်းတစ်ရံဆံများကပင် နားလည်လက်ခံထားကြပြီဆိုလျှင် တစ်မိသားတည်းချင်းတို့က နားမလည် လက်မခံနိုင်စရာ အကြောင်းရှိမည်မဟုတ်ဟု ထင်မြင်မိသည်။ တစ်ချိန်သောအခါက စိတ်သဘောထားကွဲလွဲခဲ့ကြ၍ တလုံးတစည်းတည်းမရှိဘဲ အမိမြေ၊ အမိအိမ်ကြီး သာယာစိုပြည်အောင် မလုပ်ဆောင်နိုင်ခဲ့သည်ကို သတိမူရမည်ဖြစ်သည်။

အဆိုပါအချက်များသည် မြန်မာတို့၏ စိတ်ရင်းစေတနာမှန်များဖြစ်၍ အတူတကွစုပေါင်းနေထိုင်ကြပြီး ညီညီညွတ်ညွတ် လုပ်ကိုင်ဆောင်ရွက်ကြစေချင်ပါသည်။ ။

# မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုစီမံကိန်း(မော်ဘီ) ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် မတ် ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း အမှတ်(၁) ဆေးဝါးစက်ရုံ (ရန်ကုန်) ကြီးကြပ်မှုအောက်ရှိ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုစီမံကိန်း (မော်ဘီ)သို့ ရောက်ရှိပြီး တာဝန်ရှိသူများအား မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုအဆောက်အအုံများကို WHO GMP စနစ်နှင့်အညီ ဆောက်လုပ်ရေး၊ သုံးစွဲမည့် စက်ကိရိယာများ WHO Standard ရှိစေရေး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်အတွက် လိုအပ်မည့် မြွေဆိပ်ဖြေဆေး ၆၀၀၀၀ တိုးတက်ထုတ်လုပ်နိုင်ရေး၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်နိုင်ရန် လိုအပ်သည့် မြင်းနှင့်သိုးများ ဝယ်ယူဖြည့်ဆည်းရေးတို့နှင့်ပတ်သက်၍ မှာကြားပြီး မြင်းဇောင်းများ၊ (၁၄)ကောင်ဆံ့ဆေးကုသမြင်းဇောင်း၊ မြင်းများအား မြင်းလွှတ်ကွင်းများတွင် လွှတ်ကျောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)ကို ၁၉၅၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အဆိပ်ဖြေဆေး၊ ကပ်ရောဂါကာကွယ်ဆေးများ အပါအဝင် အနောက်တိုင်းဆေးဝါး ၁၈၆ မျိုးကို ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ၁၉၆၅ ခုနှစ်တွင် မြင်းများဖြင့် မြွေဆိပ်ဖြေဆေးကို စတင်ထုတ်လုပ်ခဲ့ကြောင်း၊ သိုးမှ မြွေပွေးအဆိပ်ဖြေဆေးကိုလည်း ၂၀၀၆ ခုနှစ်မှ စတင်စမ်းသပ်ထုတ်လုပ်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ကြောင်း၊ လက်ရှိအခြေအနေတွင် မြွေဟောက်အဆိပ်ဖြေဆေးကို လိုအပ်ချက်အတိုင်း ထုတ်လုပ်ပေးနိုင်သော်လည်း မြွေပွေးအဆိပ်ဖြေဆေးကို တိုးမြှင့်ထုတ်လုပ်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် ဘုတလင်မြို့နယ် ကွမ်းခြံကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းကို ကြည့်ရှုစစ်ဆေး၍ အင်တော်လျှပ်စစ် မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ မြစ်ရေတင်လုပ်ငန်းမှ ရေပေးဝေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညောင်သူများကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် လေပြေကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တို့ကို ကြည့်ရှုစစ်ဆေးပြီး တွင်းတော်ကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အလင်းရောင်စာကြည့်တိုက်၌ ကွန်ပျူတာသင်တန်း ဖွင့်လှစ်သင်ကြားနေမှုနှင့် ဒေသခံပြည်သူများ စာပေလေ့လာ ဖတ်ရှုနေမှုတို့ကို ကြည့်ရှုအားပေးကာ သီးပင်အိုင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မုံရွာမြို့ မင်းဒေါင့်လမ်းဆုံ ဉေ့ရိပ်သာ၌ အာဆီယံလေးနိုင်ငံ ကားပြိုင်ပွဲအဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်ပြီး အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မတ် ၁ ရက်နံနက်ပိုင်းတွင် မုံရွာခရိုင် ယင်းမာပင်မြို့နယ် သီးကုန်းကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ အလောင်းတော်ကဿပမထေရ်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်းများ ကပ်လှူပူဇော်၍ အလှူငွေများ လှူဒါန်းကာ အလောင်းတော် ကဿပ ဉယျာဉ် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုနှင့် ပွဲတော်အတွင်း ရောင်းချနေသော ဈေးဆိုင်တန်းများကို ကြည့်ရှုစစ်ဆေးကာ ဘုရားဖူးလာပြည်သူများအား တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ကပိုင်ကျေးရွာ တိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော လူနာများကို အားပေးစကားပြောကြားပြီး ကပိုင်ကျေးရွာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဆင်စွယ်ကျေးရွာ အထက်တန်းကျောင်း(ခွဲ)၌ ကျောင်းခန်းမဆောင်သစ် ဆောက်လုပ်ပြီးစီးမှု၊ မြောက်ယမားတိုးချဲ့ရေသောက်စနစ် မြောင်းမကြီး တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရင်ပေါင်တိုင်ကျေးရွာ အထက်တန်းကျောင်း(ခွဲ)၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ကျေးရွာအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆင်တဲကျေးရွာ ရွှေဆံနွယ်ဓမ္မဓရဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား တွေ့ဆုံအားပေးပြီး ရွှေဆံပင်ဆရာတော် အရှင်ဝေပုလ္လဦးစီး ဆောက်လုပ်နေသော မြောက်ယမားချောင်းကူး အရှည်ပေ ၅၅၀ နှင့် အကျယ် ၂၂ ပေရှိ သံကူကွန်ကရစ် ရွှေမေတ္တာတံတား ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**




# ရခိုင်နှင့် ကချင်ပြည်နယ်တို့တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများအတွက် လူသားချင်းစာနာကူညီမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေး

**နေပြည်တော် မတ် ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်အား ဥရောပကော်မရှင် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးရုံး (European Commission Humanitarian Office-ECHO) မှ အာရှ-ပစိဖိတ်နှင့် အမေရိကဌာန အကြီးအကဲ Mr. Esko Kentrschynskyi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံပြီး ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများအတွက် လူသားချင်းစာနာကူညီမှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မဏ္ဍပ်များနေရာချထားရာတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးနှင့် မဏ္ဍပ်များကြံ့ခိုင်မှုရှိစေရေး ကြိုတင်စစ်ဆေးဆောင်ရွက်

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး၏ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပရေးနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက တိုင်းဒေသကြီးအစိုးရ လက်ထက်တွင် တတိယအကြိမ်ကျင်းပသည့် မြန်မာ့ရိုးရာပွဲတော်ကြီးဖြစ်၍ ယခင်နှစ်ထက် စည်ကားသိုက်မြိုက်စွာ ကျင်းပရေး လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ ယခုဖွဲ့စည်းပေးမည့် ဆပ်ကော်မတီများအပြင် ဆပ်ကော်မတီအသစ် ဖွဲ့စည်းရန်လိုအပ်ပါက တင်ပြဆွေးနွေးရန်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုများ၊ အပြုအမူများမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန်၊ မဏ္ဍပ်များ နေရာချထားရာတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးနှင့် မဏ္ဍပ်များကြံ့ခိုင်မှုရှိစေရေးအတွက် ကြိုတင်စစ်ဆေးဆောင်ရွက်သွားရန်၊ မြန်မာ့နှစ်ဆန်း(၁)ရက်နေ့တွင်လည်း အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲများ၊ သက်ကြီးဘိုးဘွားပူဇော်ပွဲများ၊ ဘောမဲ့လွှတ်ပွဲများကို အစဉ်အလာမပျက် ဆောင်ရွက်သွားကြရန်နှင့် ပွဲတော်ကာလတွင် လုံခြုံရေးကျိုးပေါက်မှု မရှိစေရေး အလေးထားဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများက မိမိတို့ကော်မတီအလိုက် ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားသူကြီးများနှင့် တရားရေးအရာရှိများ ကျမ်းသစ္စာဆို

**စစ်တွေ မတ် ၆**

ရခိုင်ပြည်နယ်အတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ ကျမ်းသစ္စာဆိုသည့် အခမ်းအနားကို မတ် ၄ ရက် နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်က အမှာစကားပြောကြားပြီး တရားသူကြီးများနှင့် တရားရေးအရာရှိများသည် ပြည်နယ်တရားလွှတ်တော် တရားသူကြီး ရှေ့မှောက်တွင် ကျမ်းသစ္စာဆိုကြသည်။**(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေး ဦးစီးမှူး၊ ကျမ်းသစ္စာဆိုမည့် တရားသူကြီး ၂၀ ဦးနှင့် တရားရေးအရာရှိ ငါးဦးတို့ တက်ရောက်ကြသည်။ ယင်းနောက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံနှင့် မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(၆၉၈)**



# ပါချုပ်ဒိုင်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**မန္တလေး မတ် ၆**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) ၂၀၁၃ ခုနှစ် ပါမောက္ခချုပ်ဒိုင်း အတန်းလိုက်ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၄ ရက်အထိ အဆိုပါတက္ကသိုလ်ဘောလုံးကွင်း၌ ကျင်းပရာ ပထမဆုကို နောက်ဆုံးနှစ် ဘီဒီအက်စ်မှ လည်းကောင်း၊ ဒုတိယဆုကို စတုတ္ထနှစ် ဘီဒီအက်စ်မှ လည်းကောင်း အသီးသီးရရှိခဲ့ကြပြီး ဆုရရှိသော အသင်းများနှင့် ဒိုင်းဆုကြီးကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)မှ ခေတ္တပါမောက္ခ ဒေါက်တာရွှေတိုးက ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန်းကိုယ်ပွား)**

# (၆၈)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

# နော်ဝေနိုင်ငံ ပဥ္စမမြောက် ဘုရင်မင်းမြတ်ထံ သံအမတ်ကြီးဦးကျော်မျိုးထွန်းက ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၇**

နော်ဝေနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်မျိုးထွန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အော်စလိုမြို့၌ နော်ဝေနိုင်ငံပဥ္စမမြောက် ဟာရယ်လ် ဘုရင်မင်းမြတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေး

**ရန်ကုန် မတ် ၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက် အပါအဝင် ပြည်ပမှဝယ်ယူ တင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်အထိ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၁၃၇၄၆၉ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် ၂၁၉၇၈၂ ဒသမ ၄၃ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် ၂၂၄၄၂၃ ဒသမ ၉၂ ကျပ်သန်း စုစုပေါင်း ၄၄၄၂၀၆ ဒသမ ၃၅ ကျပ်သန်းအား ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါအကောက်ခွန် (CT) နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT)များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အို ယာဉ်ဟောင်းအစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၆၃၃၃၈ စီး၊ ကားအရောင်းပြခန်းများအတွက် ၂၉၄၈၄ စီး၊ သဘောင်္သားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၇၂၈ စီး၊ ပြည်ပနေအလုပ်လုပ်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၄၀၊ ဟိုတယ်/ခရီးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၅ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၃၈၆၇၂ စီးတို့ဖြစ်ကြောင်း သိရသည်။

**(စံအောင်ဖြူ)**

# ဂန့်ဂေါတွင် မီးလောင်

**ဂန့်ဂေါ မတ် ၆**

ဂန့်ဂေါမြို့နယ် ပိုဦးရွာ၌ မတ် ၅ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားသည်။ ဖြစ်ပွားပုံမှာ ပိုဦးရွာ အနောက်ပိုင်းနေ ဒေါ်ညိုစန်း၏နေအိမ်တွင် မီးကြွင်းမီးကျန်မှတစ်ဆင့် ထရံသို့ ကူးစက်၍ မီးလောင်ခဲ့သဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ကားနှစ်စီးနှင့် မြန်မာ့သစ်လုပ်ငန်း ဂန့်ဂေါသစ်ထုတ်လုပ်ရေးမှ ရေကားတစ်စီးတို့ အချိန်မီရောက်ရှိ ငြိမ်းသတ်ကြရာ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် လုံးဝမီးငြိမ်းသွားသည်။ မီးလောင်မှုဖြစ်ပွားသဖြင့် လူနေအိမ် နှစ်လုံးမီးလောင်ကျွမ်း၍ ပြည်သူရှစ်ဦးအိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သိရသည်။

**(၄၆၅)**






နိုင်ငံတကာသတင်း

# ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ် ကင်ဆာရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်

**ကာရာကာ့စ် မတ် ၆**

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်သည် ကင်ဆာရောဂါဖြင့် မတ် ၆ရက်က ကွယ်လွန်အနိစ္စရောက်သွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

သမ္မတ ဟူဂိုချာဗက်ဇ် ကွယ်လွန်သွားပြီဖြစ်ကြောင်း ဒုတိယသမ္မတ နီကိုလပ်စ်မာဒူရိုက ထုတ်ပြန်ကြေညာသည်။ဗင်နီဇွဲလားပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးရန်နှင့် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုတို့ကို ထိန်းသိမ်းနိုင်ရန် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ထားကြောင်း မာဒူရိုက ပြောကြားသည်။

ဟူဂိုချာဗက်ဇ် ကွယ်လွန်ချိန်တွင် ၎င်း၏အသက်မှာ (၅၈)နှစ်ရှိပြီဖြစ်သည်။

ဟူဂိုချာဗက်ဇ်သည် ၎င်း၏အရိုက်အရာကို ဆက်ခံရန် ဒုတိယသမ္မတ နီကိုလပ်စ်မာဒူရိုအား လျာထားခဲ့သည်။ သို့ရာတွင် ရွေးကောက်ပွဲသစ်ကျင်းပပေးရန် အတိုက်အခံနိုင်ငံရေးသမားများက တောင်းဆိုလာကြမည်ဟု မျှော်လင့်ရသည်။

ဟူဂိုချာဗက်ဇ် ကွယ်လွန်အနိစ္စရောက်ခြင်းနှင့်ပတ်သက်၍ လက်တင်အမေရိကခေါင်းဆောင်များက ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုသည် ဗင်နီဇွဲလားပြည်သူများအား ထောက်ခံအားပေးသွားရန် မိမိကတိပြုကြောင်း၊ ချာဗက်ဇ် ကွယ်လွန်အနိစ္စရောက်ခြင်းသည် ဗင်နီဇွဲလားနိုင်ငံ၏ သမိုင်းကြောင်းတွင် စာမျက်နှာသစ်ဖွင့်လှစ်မှု၏ အစပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီမြှင့်တင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးများအား လေးစားလိုက်နာရေးဟူသော မိမိတို့၏ အခြေခံမူများအား ထင်ဟပ်နေသည့် မူဝါဒများကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သမ္မတအိုဘားမား ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

လက်တင်အမေရိက၏ လက်ဝဲဝါဒီခေါင်းဆောင်တစ်ဦးဖြစ်သူ ချာဗက်ဇ်သည် ပဉ္စမမြောက်သမ္မတနိုင်ငံလှုပ်ရှားမှုအမည်ရှိ ပါတီ၏ခေါင်းဆောင်အဖြစ် ၁၉၉၇ ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၇ ခုနှစ်တွင် ဗင်နီဇွဲလား ညီညွတ်သောဆိုရှယ်လစ်ပါတီခေါင်းဆောင်ဖြစ်လာခဲ့ပြီး ကွယ်လွန်ချိန်အထိ ယင်းပါတီကို ဦးဆောင်ခဲ့သည်။

ချာဗက်ဇ်သည် ဗင်နီဇွဲလားစစ်တက္ကသိုလ်ကျောင်းဆင်းဖြစ်ပြီး ကြည်းတပ်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ချာဗက်ဇ်သည် ၁၉၉၂ခုနှစ်တွင် အစိုးရအဖွဲ့ကို ဖြုတ်ချရန်လှုပ်ရှားခဲ့ပြီး ထောင်ဒဏ်နှစ်နှစ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ ၎င်းသည် ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် သမ္မတရာထူးတာဝန်ကို စတင်ထမ်းဆောင်ခဲ့သည်။

**ရိုက်တာ။**



ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်။

# အိန္ဒိယနိုင်ငံအနောက်ပိုင်း၌ မိုးခေါင်မှုဒဏ်ခံစားနေကြရ

**မွမ်ဘိုင်း မတ် ၆**

အိန္ဒိယနိုင်ငံအနောက်ပိုင်းရှိ ပြည်သူသန်းပေါင်းများစွာသည် မိုးခေါင်မှုဒဏ်ကို ဆယ်စုနှစ်လေးခုကျော်ကြာ ခံစားရလျက်ရှိကြောင်း၊ သဘာဝအလျောက်ရရှိသော ရေပြတ်လပ်မှုကြောင့်ပိုမိုဆိုးရွားသောအခြေအနေနှင့် ရင်ဆိုင်ရခြင်းဖြစ်ကြောင်း ဝေဖန်ဆန်းစစ်သူများက အခိုင်အမာပြောကြားကြောင်း မတ် ၆ရက် သတင်းတွင် ဖော်ပြသည်။

မဟာရာရှတြာပြည်နယ်အလယ်ပိုင်းရှိ ဒေသများနှင့် မြို့တော်မွမ်ဘိုင်းတွင် ၁၉၇၂ ခုနှစ်တွင် ဖြစ်ပွားသော မိုးခေါင်မှုထက် ပိုမိုဆိုးရွားစွာ ခံစားခဲ့ရပြီး ရေပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း ပြည်နယ်မှ တာဝန်ရှိပုဂ္ဂိုလ် ပရိသ်ဗီရတ်ချာဗန်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ ယင်းပြည်နယ်တွင် ရေလှောင်ကန်များ နည်းပါးကြောင်း၊ ရှိသည့် ရေလှောင်ကန်များအထဲတွင်လည်း ရေ မရှိဘဲ ခြောက်သွေ့လျက်ရှိကြောင်း၊ ယင်းသို့ဖြစ်ရခြင်းမှာ နှစ်နှစ်ဆက်တိုက် မုတ်သုံမိုးရွာသွန်းမှု အားနည်းသောကြောင့်ဖြစ်ကြောင်း ချာဗန်က ပြောကြားသည်။

အိန္ဒိယနိုင်ငံအနောက်ပိုင်းရှိ ရေပြတ်လပ်နေသောနေရာများသို့ ရေသယ်ကားအစီး ၂၀၀၀နီးပါး အသုံးပြုကာ ရေများ ပို့ဆောင်ပေးရကြောင်း၊ ရာချီရှိသော ကျွဲနွားတိရစ္ဆာန်မွေးမြူရေးခြံများသို့ မုတ်သုံရာသီရောက်သည့်တိုင်အောင် ရေပို့ဆောင်ပေးရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**အေအက်ဖ်ပီ။**



# အမေရိကန်မြောက်ပိုင်း၌ နှင်းမုန်တိုင်းတိုက်ခတ် လေယာဉ်ခရီးစဉ် ၂၆၀၀ အထိ ဖျက်သိမ်းရ

**ဝါရှင်တန် မတ် ၆**

အမေရိကန်ပြည်ထောင်စုမြောက်ပိုင်း၌ မတ် ၆ရက်က အင်အားပြင်းထန်သော နှင်းမုန်တိုင်း တိုက်ခတ်ရာ လေယာဉ်ခရီးစဉ် ၂၆၀၀ အထိ ဖျက်သိမ်းခဲ့ရပြီး စာသင်ကျောင်း ရာပေါင်းများစွာကို ပိတ်ထားလိုက်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အဝေးပြေးလမ်းများနှင့် မြို့ပြလမ်းများပေါ်တွင် ဆီးနှင်းခဲများနှင့် ရေခဲများဖုံးလွှမ်းနေပြီး မတော်တဆမှုများဖြစ်ပွားခြင်းကြောင့် လေးဦးထက်မနည်း သေဆုံးရသည်။

မင်နီဆိုးတားပြည်နယ်မှသည် ဗာဂျီးနီးယားပြည်နယ်အထိ ပြည်နယ် ၁၂ခုထက်မနည်းတွင် အင်အားပြင်းထန်သော မုန်တိုင်းတိုက်ခတ်ခဲ့သည်။ မင်နီဆိုးတားပြည်နယ်၌ နှစ်ပေ(၆၀၀ကီလိုမီတာ)အထိ၊ မြောက်ဒါကိုတာပြည်နယ်၌ ၁၅လက်မ(၃၈စင်တီမီတာ)အထိ ဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိသည်။

လူဦးရေသိပ်သည်းသော ချီကာဂိုမြို့၌ တစ်လက်မ (၂ဒသမ ၅စင်တီမီတာ)အထိ ဆီးနှင်းများ ကျရောက်ခဲ့ကြောင်း အမျိုးသားမိုးလေဝသဗျူရိုက ပြောကြားသည်။

**အေအက်ဖ်ပီ။**



ချီကာဂိုမြို့ရှိ လေဆိပ်၏ လေယာဉ်ပြေးလမ်းပေါ်တွင် ဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိသည်ကို တွေ့ရစဉ်။













## ပြည်ထောင်စုဖလား အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ရှမ်းပြည်နယ်အသင်း အနိုင်ရဗိုလ်စွဲ

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ၏ အမျိုးသား အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲများကို မတ် ၆ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့သည်။

မတ် ၅ ရက်က ယှဉ်ပြိုင်ကစားခဲ့သော အမျိုးသားဘတ်စကက်ဘော ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မန္တလေးအသင်းကို ၈၀ မှတ်- ၅၆ မှတ်ဖြင့် အနိုင်ရရှိခဲ့သော ရှမ်းအသင်းနှင့် စစ်ကိုင်းအသင်းကို ၇၇ မှတ်-၆၃ မှတ်ဖြင့် အနိုင်ရရှိခဲ့သော ရန်ကုန်အသင်းတို့မတ် ၆ ရက်တွင် ထိပ်တိုက်တွေ့ဆုံခဲ့သည့် အမျိုးသား ဘတ်စကက်ဘော နောက်ဆုံးဗိုလ်လုပွဲတွင် ရှမ်းအသင်းက ရန်ကုန်အသင်းကို ၉၂ မှတ် - ၅၂ မှတ်ဖြင့် အနိုင်ရရှိကာ ပထမရရှိခဲ့သည်။ **(ယာပုံ)**

ရှမ်းအသင်းနှင့် ရန်ကုန်အသင်းတို့သည် တစ်အုပ်စုတည်းမှ တက်ရောက်လာသော အသင်းများဖြစ်ပြီး အုပ်စုပထမနှင့် အုပ်စုဒုတိယတို့ဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းလည်းဖြစ်သည်။

အမျိုးသားဘတ်စကက်ဘော တတိယလုပွဲအဖြစ် စစ်ကိုင်းအသင်းနှင့် မန္တလေးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးအသင်းက စစ်ကိုင်းအသင်းကို ၅၉ မှတ်-၅၃ မှတ်ဖြင့် အနိုင်ရရှိကာ မန္တလေးအသင်း တတိယရရှိခဲ့ပြီး အမျိုးသမီးဘတ်စကက်ဘော နောက်ဆုံးဗိုလ်လုပွဲတွင်မူ ရန်ကုန်အသင်းက စစ်ကိုင်းအသင်းကို ၅၀ မှတ် - ၄၉ မှတ်ဖြင့် အနိုင်ရရှိကာ ပထမရရှိခဲ့သည်။

**(သတင်းနှင့် ဓာတ်ပုံ-နိုင်လင်းကြည်)**



## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အထိမ်းအမှတ်သင်္ကေတဖြစ်သော Theme Song ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

**နေပြည်တော်   မတ်   ၆**

၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရာတွင် (ဖွင့်ပွဲ/ပိတ်ပွဲ)အခမ်းအနားများတွင် အသုံးပြုရန်နှင့် ပြိုင်ပွဲမတိုင်မီ လှုံ့ဆော်ရေး သီချင်းများအဖြစ် အသုံးပြုရန် Theme Song အမျိုးအစား တေးသီချင်းအား သတ်မှတ်ချက်များနှင့်အညီ ရေးစပ်သီကုံး၍ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

သတ်မှတ်ချက်များမှာ Theme Song အမျိုးအစား သီချင်းရေးစပ်ရာတွင် ပရိသတ်ပါးစပ်ဖျားတွင် ရေပန်းစားနိုင်သည့် မြူးကြွသည့် သံစဉ်စာသားဖြစ်ရမည်။ အားကစားပွဲတော်တစ်ခုလုံးကို ခြုံငုံ၍ မြန်မာ့အလှနှင့် ပေါင်းစပ်ရေးသားရမည်။ စာကြောင်းရေ ငါးကြောင်းထက်မပိုစေရ။

သီချင်းရေးစပ်သီကုံးသူများအနေဖြင့် သီချင်းသည် ကိုယ်တိုင်ဖန်တီးရေးစပ်ထားကြောင်း ဝန်ခံကတိပြုချက် ပါဝင်ရမည်။

သီချင်းများ ပေးပို့ရာတွင် Audio CD ဖြင့် ပေးပို့ရန်ဖြစ်ပြီး
Melody အဆိုအကြမ်း (နမူနာ)၊
Tempo (အနီးစပ်ဆုံး)၊
Chord Frame နှင့် Beating၊
သီချင်းပိုဒ်နေရာချထားမှုတို့ ပါဝင်ရမည်။

ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် လျှောက်လွှာများအား လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ ကျိုက္ကဆံအားကစားပြိုင်ကွင်း ရန်ကုန်မြို့ (ဖုန်း- ၀၁-၄၀၀၄၃၁၊ ၀၁- ၄၀၀၈၉၂)နှင့် နေပြည်တော် လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ အားကစားဝန်ကြီးဌာန၊ ရုံးအမှတ် (၃၁) (ဖုန်း- ၀၆၇-၄၂၂၆၁၈၊ ၀၆၇- ၄၀၆၀၂၇၊ ၀၉-၂၀၀၂၁၉၆)တို့သို့ ဆက်သွယ်ရယူနိုင်သည်။

ပြိုင်ပွဲဝင်များအနေဖြင့် မိမိသီကုံးရေးစပ်ထားသည့် သီချင်းများအား ၂၀၁၃ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထားပြီး လျှောက်လွှာရယူထားသည့် ဌာနခွဲသို့ ပြန်လည်ပေးပို့ရမည်။

ပြိုင်ပွဲဝင် တေးသီချင်းများအား ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၏ အစီအစဉ်ဖြင့် စိစစ်ရွေးချယ်ပြီး ရွေးချယ်ခံရသည့် တေးသီချင်းအတွက် ဆုကြေးငွေကျပ် သိန်း ၁၅၀ ချီးမြှင့်ပေးအပ်၍ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၏ မူပိုင်အဖြစ် အသုံးပြုသွားမည်ဖြစ်သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ပတ်သက်သည့် လှုံ့ဆော်ရေး တေးသီချင်းများ ရေးစပ်သီကုံးခြင်း၊ အသံသွင်းခြင်း၊ ရိုက်ကူးခြင်း၊ ထုတ်လုပ်ဖြန့်ချိခြင်းစသည့် လုပ်ငန်းများအား (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီမှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သဖြင့် အဆိုပါ လုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ဦးစီးကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်ကြရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမျိုးသား အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲများကျင်းပ

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ အမျိုးသား အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို မတ် ၆ ရက်တွင် အားကစားလေ့ကျင့်ရေးစခန်း(၁)ရှိ ဖူဆယ်ပြိုင်ပွဲရုံ၌ ကျင်းပသည်။

အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးအသင်းက ပဲခူးတိုင်းဒေသကြီး အမျိုးသမီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူးသွားသည်။ ရှမ်းပြည်နယ် အမျိုးသမီးအသင်းက တတိယရရှိသည်။

အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက နေပြည်တော်အသင်းကို ခုနစ်ဂိုး - ငါးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ယခုပွဲတွင် နေပြည်တော်အသင်းသည် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရနေရာမှ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဆက်တိုက်ဂိုးများ သွင်းယူမှုကြောင့် မထင်မှတ်ဘဲ အရှုံးပေးလိုက်ရခြင်းဖြစ်သည်။ သုံးဂိုး-တစ်ဂိုးမှ သုံးဂိုး-နှစ်ဂိုး၊ သုံးဂိုး-နှစ်ဂိုးမှ သုံးဂိုး-သုံးဂိုးစီ သရေဖြစ်သွားပြီး ရန်ကုန်က အနိုင်ဂိုးများ ဆက်တိုက်သွင်းယူခဲ့သည်။ ရန်ကုန်အတွက် ဂိုးများကိုပြည့်ဖြိုးအောင် (၁)က သုံးဂိုး ဟတ်ထရစ်သွင်းယူခဲ့ပြီး ပြည့်ဖြိုးအောင် (၂)က နှစ်ဂိုးသွင်းယူခဲ့သည်။ ထွန်းထွန်းလတ်နှင့် အောင်သူမျိုးတို့က တစ်ဂိုးစီသွင်းယူခဲ့ခြင်းဖြစ်သည်။

ရှုံးနိမ့်နေရာမှ အနိုင်ရဗိုလ်စွဲအောင် ကစားနိုင်ခဲ့မှုနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအသင်းနည်းပြ ဦးစိုးမိုးညွန့်က "နှစ်သင်းစလုံး အသင်းကောင်းတွေပါ၊ ဒါပေမယ့် ကစားကွက်အပြောင်းအလဲလုပ်နိုင်ခဲ့တာကြောင့် အရှုံးကနေ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းဟာ စီသုံးလုံးချန်ပီယံဖြစ်ခဲ့တဲ့အသင်းဖြစ်လို့ ဒီပြိုင်ပွဲမှာ ဒိုင်းယူမယ် ဆိုတဲ့ ရည်မှန်းချက်နဲ့လာခဲ့တာပါ။ နေပြည်တော်လို တောင့်တင်းတဲ့အသင်းကြီး တစ်သင်းကို အနိုင်ရဗိုလ်စွဲလို့ အတိုင်းမသိဝမ်းသာမိပါတယ်"ဟု ပြောကြားခဲ့သည်။ **(ကိုကိုစိုးညွန့်)**

## ပြည်ထောင်စုဖလားပြေးခုန်ပစ်ပြိုင်ပွဲများ စတုတ္ထမြောက်နေ့ ဆက်လက်ကစား

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ပြေးခုန်ပစ်ပြိုင်ပွဲများကို မတ် ၃ ရက် စတင်ကျင်းပခဲ့ရာ စတုတ္ထနေ့ပြိုင်ပွဲများကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိကွင်းကြီး၌ မတ် ၆ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသည်။

ယနေ့ကျင်းပသော ပြိုင်ပွဲများအနက် အမျိုးသားမီတာ ၅၀၀၀ ပြိုင်ပွဲတွင် မောင်ချက်က ပထမ၊ သိန်းလှိုင်ဦးက ဒုတိယ၊ သောင်းအေးက တတိယရရှိပြီး အမျိုးသမီး မီတာ ၅၀၀၀ ပြိုင်ပွဲတွင် ဖြူဝါသက်က ပထမ၊ မြင့်မြင့်အေးက ဒုတိယ၊ စောမာလာနွယ်က တတိယ ရရှိသည်။

အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲတွင် အောင်ဇော်မင်းက ပထမ၊ ထွန်းလင်းနိုင်က ဒုတိယ၊ ထင်လင်းက တတိယရရှိသည်။

အမျိုးသမီးလှံတံပစ်ပြိုင်ပွဲတွင် စိုးစိုးထွေးက ပထမ၊ ခိုင်သဇင်စိုးက ဒုတိယ၊ မေသရဖီစိုးက တတိယရရှိသည်။ **(ကိုကိုစိုးညွန့်)**



## နပန်းအားကစားပြိုင်ပွဲ နောက်ဆုံးပြိုင်ပွဲများကျင်းပ

ပြည်ထောင်စုဖလားနပန်းအားကစားပြိုင်ပွဲ အမျိုးသားကီလိုတန်းအလိုက် နောက်ဆုံးပြိုင်ပွဲများကို မတ် ၆ ရက်တွင် TC-1 အားကစားလေ့ကျင့်ရေးကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့သည်။

နောက်ဆုံးနေ့အဖြစ် ယှဉ်ပြိုင်ကစားခဲ့သော အမျိုးသားနပန်းအားကစားပြိုင်ပွဲကို ပွဲစဉ်(၁၈)ခုခွဲ၍ ယှဉ်ပြိုင်ကစားခဲ့ရာ ၅၅ ကီလိုတန်းတွင် ဇေယျာမင်းနိုင် (ရန်ကုန်)၊ ငြိမ်းချမ်းအောင်(မွန်)၊ မျိုးကို(ကချင်)နှင့်ကျော်ဆန်းဝင်း(ရခိုင်)တို့ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ယင်း ၅၅ ကီလိုတန်းတွင် ကျော်ဆန်းဝင်း(ရခိုင်)က ပထမ၊ ဇေယျာမင်းနိုင်(ရန်ကုန်) ကဒုတိယနှင့် မျိုးကို (ကချင်)က တတိယရရှိခဲ့သည်။ ၆၀ ကီလိုတန်းတွင်မူ ခိုင်မင်းစိုး(ရခိုင်)၊ တင်မိုးဝင်း(မွန်)၊ ကျော်သိန်းနု(ချင်း)နှင့် ဝဏ္ဏထွန်း(ကချင်)**(ဝဲပုံ)**တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဝဏ္ဏထွန်း(ကချင်)က ပထမ၊ ခိုင်မင်းစိုး(ရခိုင်)က ဒုတိယနှင့် ကျော်သိန်းနု(ချင်း)က တတိယ အသီးသီးရရှိခဲ့ကြသည်။ ၆၆ ကီလိုတန်းတွင် အေးမြင့်လွင် (ကရင်)၊ စံသိန်း(ချင်း)နှင့် ဇော်မင်းစိုး(ရခိုင်)တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဇော်မင်းစိုး(ရခိုင်)က ပထမ၊ အေးမြင့်လွင်(ကရင်)က ဒုတိယနှင့် စံသိန်း(ချင်း)က တတိယရရှိခဲ့သည်။

၇၄ ကီလိုတန်းတွင် ဝင်းအောင်(ရခိုင်)၊ ကျော်ဇေယျာ(ရန်ကုန်)နှင့် စောမောင်(ချင်း)တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဝင်းအောင်(ရခိုင်)က ပထမ၊ စောမောင်(ချင်း)က ဒုတိယနှင့် ကျော်ဇေယျာ(ရန်ကုန်)က တတိယ အသီးသီး ရရှိခဲ့ကြောင်း သိရသည်။ **(သတင်းနှင့် ဓာတ်ပုံ-နိုင်လင်းကြည်)**


## Computer to Plate စက်ကြီးများဖြင့် Plate ထုတ်ခြင်းလုပ်ငန်း

လူကြီးမင်းတို့၏ ပုံနှိပ်လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သည့် Plate များ ပုံဖော်ပေးခြင်းလုပ်ငန်းအား Japan နိုင်ငံလုပ် ခေတ်မီ Thermal Computer to Plate စက်ကြီးများအသုံးပြု၍ အချိန်တိုအတွင်း အရည်အသွေးပြည့်မီပြီး သင့်တင့်သောနှုန်းထားဖြင့် လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်း ပါးအပ်ပါသည်။ အသေးစိတ်အချက်အလက်များသိလိုပါက အောက်ပါလိပ်စာများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(၁) နေပြည်တော် သတင်းစာတိုက်၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ ဖုန်း-၀၆၇- ၃၆၁၁၀
(၂) မြန်မာ့အလင်း သတင်းစာတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁- ၅၄၄၃၁၄
(၃) ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၊ လမ်း ၂၀× ၂၁ နှင့် ၈၂× ၈၃ ကြား၊ ပုလဲငွေတောင်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး ဖုန်း-၀၂- ၇၃၂၁၉

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**




# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့် မီဒီယာတို့၏အသံ

ရဲထက်ဇော်

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် "ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း ဥပဒေကြမ်း"ကို သက်ဆိုင်ရာက အများပြည်သူများအား ဖတ်ရှုပြီး အကြံပြုနိုင်ရန် ပုံနှိပ်ဖော်ပြခဲ့ရာ မီဒီယာအများစုက တုံ့ပြန်မှုများ ထွက်ပေါ်လာသည်ကို တွေ့ရှိရပေသည်။ တုံ့ပြန်သူများကား ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် ရှိကြပါသည်။ ဤသို့ မီဒီယာများက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေကြမ်းအပေါ် ဝေဖန်ခြင်း သဘောထားအမြင်တင်ပြခြင်းသည် ဒီမိုကရေစီစနစ်၏ အနှစ်သာရပင်ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် မိမိ၏ သဘောထားကို လွတ်လပ်စွာတင်ပြခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းတို့သည် အရေးပါလှသည်။ သို့ဖြစ်ရာ မီဒီယာများအား ဤသို့ဝေဖန်အကြံပြုကြခြင်းကို ဝမ်းမြောက်ဝမ်းသာကြိုဆိုရမည်သာ ဖြစ်ပါသည်။

သို့ရာတွင် မိမိ၏ ဝေဖန်ချက်၊ ပြောဆိုချက်များသည် ဘက်မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ၊ ယထာဘူတကျကျ ဝေဖန်သုံးသပ်ပြောဆိုချက်ဖြစ်ရန် လိုပါသည်။ အမှန်တရားအပေါ် အခြေခံ၍ ဖြောင့်မတ်သော စိတ်ထားဖြင့် ဝေဖန်အကြံပြုရန် လိုပါသည်။ မိမိ၏ အတ္တနောမတိစိတ်ဖြင့် ကိုယ်လိုရာဆွဲ၍ ဝေဖန်ခြင်း၊ အမှန်တရားကို မျက်ကွယ်ပြုကာ ဝေဖန်ခြင်းသည် မဖြစ်စကောင်းပေ။ ဤသို့ ဝေဖန်ကြခြင်းဖြင့် အများသူငါ စိတ်ဆင်းရဲဖို့သာ ဖြစ်ပေလိမ့်မည်။ အမှန်သို့မရောက်၊ အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းမှုကို ဆောင်ကြဉ်းနိုင်မည် မဟုတ်ချေ။

အားလုံးသော ပုဂ္ဂိုလ်အသီးသီးတို့၏ ဝေဖန်ချက်များကို စိစစ်သုံးသပ်ကြည့်ရာတွင် အဓိကအားဖြင့် အောက်ပါအချက်များကို တွေ့ရှိရပါသည်-

(၁) မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)က ပုံနှိပ်မီဒီယာဥပဒေကြမ်းဆွဲနေတယ်။ အဲဒီ မီဒီယာဥပဒေမှာ ကျွန်တော်တို့က လွတ်လပ်ခွင့်တွေ တောင်းထားတယ်။ မိမိတို့ ဥပဒေမှာရမယ့် လွတ်လပ်ခွင့် ဥပဒေတွေက အစိုးရ ပုံနှိပ်ဥပဒေကြမ်း အတည်ပြုလိုက်ရင် အကုန်လုံးဆန့်ကျင်ဘက်တွေဖြစ်ကုန်ပြီဆိုသည့်အချက်၊

(၂) ဥပဒေကြမ်းအရ ပုဒ်မ (၇) ပုဒ်မခွဲ(ခ)နှင့်(င) တို့တွင် တရားဥပဒေစိုးမိုးရေးပျက်ပြားစေရန် သော်လည်းကောင်း၊ ဆူပူအကြမ်းဖက်မှု ဖြစ်ပွားစေရန် သော်လည်းကောင်း လှုံ့ဆော်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည့် အရေးအသားစာများ ထုတ်ဝေခြင်းဆိုသော တားမြစ်ချက် စည်းကမ်းများသည် စာနယ်ဇင်းသမားများအပေါ် လိုရာဆွဲထိန်းချုပ်ကန့်သတ်နိုင်ရန် ရေးဆွဲထားသော စည်းကမ်းချက်ဖြစ်သည်။ သတင်းလွတ်လပ်ခွင့် ပိတ်ပင်သည့်အချက်ဖြစ်သည် ဆိုသည့်အချက်၊

(၃) လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ဟု ခေါ်ဆိုထားသော ထုတ်ဝေခွင့်၊ ပုံနှိပ်ခွင့်လိုင်စင်ကို ဥပဒေဖြင့် ထိန်းချုပ်ထားသဖြင့် ယခင် စစ်အစိုးရလက်ထက်က ပုံစံမျိုးပင်ဖြစ်နေကြောင်း၊ ဥပဒေပါ ပြဋ္ဌာန်းချက်၊ စည်းကမ်းချက်ကို ဆန့်ကျင်လျှင် အသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း၊ ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားရာ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများကို တစ်ဖက်ကပြန်၍ ချုပ်ကိုင်ထားခြင်းဖြစ်သည်ဆိုသည့်အချက်၊

(၄) သတင်းအေဂျင်စီများ တည်ထောင်ခြင်းသည် ပုံနှိပ်ဥပဒေနှင့် မည်ကဲ့သို့မျှ ဆီလျော်မှုမရှိဘဲ သတင်းမီဒီယာနှင့်သာ သက်ဆိုင်သည်ဆိုသည့်အချက်။

အထက်ပါ ဝေဖန်ဆွေးနွေးတင်ပြချက်များအပေါ် မိမိအနေဖြင့် ဉာဏ်မီသမျှ ရှင်းလင်းဆွေးနွေးလိုပါသည်။

အမှတ်စဉ်(၁) ဆွေးနွေးတင်ပြချက်အရ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)က ရေးဆွဲနေသော သတင်းမီဒီယာဥပဒေနှင့် ယခု ဥပဒေကြမ်းတို့ တူ၊ မတူဆိုသည့်အချက်ဖြစ်ပါသည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းသည် ပုံနှိပ်လုပ်ငန်း၊ ထုတ်ဝေလုပ်ငန်းတို့နှင့် ပတ်သက်သည့် လုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းချက် ဥပဒေသာဖြစ်ပါသည်။ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းလုပ်ငန်းများအတွက် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ဝေသူ၊ ပုံနှိပ်သူတို့ လိုက်နာရမည့် စည်းကမ်းနှင့် တာဝန်များကို ပြဋ္ဌာန်းပေးသော ဥပဒေသက်သက်သာဖြစ်ပါသည်။

ဥပဒေကြမ်းတွင် သတင်းမီဒီယာဖြစ်သော ဂျာနယ်လစ်တို့၏ အခွင့်အရေးနှင့် တာဝန်များ မပါရှိပါ။ စီးပွားရေးလုပ်ငန်းအတွက် သီးသန့်ရေးဆွဲ ပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်ပါသည်။

ကျွန်တော်နားလည်သည်မှာ သတင်းမီဒီယာဥပဒေ (Press Law)သည် စာနယ်ဇင်းသမား(ဂျာနယ်လစ်)တို့၏ အခွင့်အရေးများ၊ ကျင့်ဝတ်များ၊ တာဝန်များနှင့် ၎င်းတို့နှင့်သက်ဆိုင်သည့် စာနယ်ဇင်းကောင်စီဆိုင်ရာ ပြဋ္ဌာန်းချက်များကိုသာ ပြဋ္ဌာန်းသည့် ဥပဒေဟု နားလည်ပါသည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းစသည့် လုပ်ငန်းများကို သတင်းမီဒီယာဥပဒေတွင် ထည့်သွင်းပါက စာနယ်ဇင်းကောင်စီသည် ၎င်းတို့၏ မှတ်ပုံတင်လုပ်ငန်းနှင့် ကြီးကြပ်မှုများကိုပါ ဆောင်ရွက်ရတော့မည်ဖြစ်ပါသည်။

ကျွန်တော့်အမြင်တွင် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေသည် လုပ်ငန်းအတွက် ပြဋ္ဌာန်းခြင်းဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်သာ သက်ဆိုင်မည်ဟု ယူဆပါသည်။ စာနယ်ဇင်းကောင်စီအနေဖြင့်မူ စာနယ်ဇင်းသမားများနှင့် စာနယ်ဇင်းကောင်စီဆိုင်ရာများကိုသာ ဥပဒေရေးဆွဲဆောင်ရွက်သင့်သည်ဟု မြင်ပါသည်။

အင်ဒိုနီးရှားနိုင်ငံ၏ သတင်းမီဒီယာဥပဒေကို ပြန်လည်သုံးသပ်ကြည့်ပါက အခန်း(၁)တွင် အထွေထွေပြဋ္ဌာန်းချက်များ၊ အခန်း (၂)တွင် စာနယ်ဇင်းတို့၏ စည်းမျဉ်းများ၊ လုပ်ငန်းများ၊ အခွင့်အရေးများ၊ တာဝန်များနှင့် ၎င်းတို့၏ အခန်းကဏ္ဍများ၊ အခန်း (၃)တွင် ဂျာနယ်လစ်များအကြောင်း၊ အခန်း (၄)တွင် စာနယ်ဇင်း ကော်ပိုရေးရှင်းများ၊ အခန်း (၅)တွင် စာနယ်ဇင်းကောင်စီ၊ အခန်း (၆)တွင် နိုင်ငံခြားစာနယ်ဇင်း၊ အခန်း(၇)တွင် ပြည်သူများ ပါဝင်ဆောင်ရွက်ခြင်း၊ အခန်း(၈)တွင် ပြစ်ဒဏ်ပြဋ္ဌာန်းချက်များနှင့် အခန်း(၉)နှင့် (၁၀)တွင် ကူးပြောင်းချိန်ပြဋ္ဌာန်းချက်နှင့် နိဂုံးတို့ကို ဖော်ပြထားပါသည်။ ယင်းအချက်ကို ကြည့်ပါက သတင်းမီဒီယာဥပဒေသည် မီဒီယာသမားတို့နှင့်ပတ်သက်သည့် အချက်များကိုသာ ရေးဆွဲထားကြောင်း တွေ့နိုင်ပါသည်။ ထို့အပြင် ကျွန်တော်တို့၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံကို ကြည့်လျှင်လည်း ပုံနှိပ်လုပ်ငန်း၊ သတင်းစာ ထုတ်ဝေလုပ်ငန်းများအတွက် သီးခြား The Press and Registration of Books Act ကိုလည်းကောင်း၊ ဂျာနယ်လစ်များနှင့်ပတ်သက်၍ The Press Council Act ကိုလည်းကောင်း ခွဲခြားပြဋ္ဌာန်းထားကြောင်း တွေ့ရပါသည်။

သို့ဖြစ်ရာ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းသည် စာနယ်ဇင်းကောင်စီက ရေးဆွဲနေသည့် သတင်းမီဒီယာဥပဒေနှင့် တူညီမှုမရှိဟု ယူဆရပါကြောင်း တင်ပြလိုပါသည်။

ဆွေးနွေးတင်ပြချက်တွင် စာနယ်ဇင်းလွတ်လပ်ခွင့် ဆုံးရှုံးမည့်ကိစ္စ၊ ဥပဒေကြမ်းအတည်ပြုလိုက်ပါက ဆန့်ကျင်ကုန်ပြီဆိုသည့် ကိစ္စများမှာလည်း မဖြစ်နိုင်ပါကြောင်း၊ သီးခြားစီ ပြဋ္ဌာန်းထားသော ဥပဒေများဖြစ်၍ ဥပဒေတစ်ခုက တစ်ခုကို လွှမ်းမိုးခြင်းမရှိနိုင်ပါကြောင်း တင်ပြလိုပါသည်။ စာနယ်ဇင်းကောင်စီက ရေးဆွဲပြဋ္ဌာန်းထားသည့် သတင်းမီဒီယာဥပဒေအရ မီဒီယာသမားများ၏ အခွင့်အရေးများ ရှိနေမည်ဖြစ်ပြီး ဤဥပဒေကြမ်း ပြဋ္ဌာန်းလိုက်သည့်အတွက် အခွင့်အရေး ဆုံးရှုံးရမည်ဆိုသည့်အချက်မှာ လုံးဝမဖြစ်နိုင်သော အချက်ဖြစ်ပါသည်။

ဒုတိယဆွေးနွေးတင်ပြချက်အရ ဥပဒေကြမ်း ပုဒ်မ (၇)၌ ပြဋ္ဌာန်းထားသည့် စည်းကမ်းချက် (၅)ရပ်ကို ဆွေးနွေးတင်ပြလိုပါသည်။ ဥပဒေကြမ်း၏ ပုဒ်မ (၇) တွင် ပုံနှိပ်သူနှင့် ထုတ်ဝေသူသည် အောက်ပါအချက် တစ်ရပ်ရပ်နှင့် အကျုံးဝင်သော ထုတ်ဝေစာကို ပုံနှိပ်ခြင်း (သို့မဟုတ်) ထုတ်ဝေခြင်း မပြုရဟု ပြဋ္ဌာန်းထားပါသည်။

(၁) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး (သို့မဟုတ်) တိုင်းရင်းသားလူမျိုး အချင်းချင်းကို လည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာစေမည့် အကြောင်းအရာများဖော်ပြခြင်း။

(၂) တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆူပူအကြမ်းဖက်မှု ဖြစ်ပွားစေရန်သော် လည်းကောင်း လှုံ့ဆော်ခြင်း။

(၃) ညစ်ညမ်းစာများကို ဖော်ပြခြင်း။

(၄) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့်လှုံ့ဆော်ခြင်း။

(၅) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည့် အရေးအသားစာများထုတ်ဝေခြင်း။

အဆိုပါ အချက်(၅)ချက်ကို သုံးသပ်ကြည့်ပါက နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာကိစ္စရပ်များ ပြဋ္ဌာန်းထားခြင်းဖြစ်၍ နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်သော ပြဋ္ဌာန်းချက်များဖြစ်ပါသည်။

သို့ဖြစ်၍လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄၊ ပုဒ်မခွဲ(က) တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့မဟုတ်) ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများကို မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ၊ အခွင့်အရေးများနှင့် ပတ်သက်သည့် သဘောတူညီချက် (International Covenant on Civil and Political Rights) အပိုဒ်(၁၉)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။

**Article-19**

1. Everyone shall have the right to hold opinions without interference.
2. Everyone shall have the right to freedom of expression; this right shall include to seek, receive and impart information and ideas of all kinds, regardless of frontiers, either orally, in writing or in print, in the form of art, or through any other media of his choice.
3. The exercise of the rights provided for in paragraph 2 of this article carries with it special duties and responsibilities. It may therefore be subject to certain restrictions, but these shall only be such as are provided by law and are necessary:
   (a) For respect of the rights or reputations of others;
   (b) For the protection of national security or of public order (order public), or of public health or morals.

အဆိုပါ ပြဋ္ဌာန်းချက်အရလည်း မိမိ၏ အယူအဆ၊ သဘောထားများကို လွတ်လပ်စွာ ဖော်ထုတ်ခွင့်ရှိသော်လည်း လူတစ်ဦး၏ အခွင့်အရေးနှင့်ဂုဏ်သတင်းကိုလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ကိုယ်ကျင့်တရားတို့ကို လည်းကောင်း အလေးထားရမည့်တာဝန်အဖြစ် ဖော်ပြထားပါသည်။ ထို့အပြင် ယင်းအချက်ကို ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရန် လိုအပ်ကြောင်းကိုလည်း အဆိုပါ သဘောတူညီချက်တွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဤအချက်များကို ထောက်ရှုပါက ပုဒ်မ(၇)တွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များသည် စာနယ်ဇင်းလွတ်လပ်ခွင့်ကို ထိပါးခြင်းမရှိဘဲ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ပြဋ္ဌာန်းချက်အရလည်းကောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့အား အကာအကွယ်ပေးနိုင်ရန် ထည့်သွင်းပြဋ္ဌာန်းခြင်းဖြစ်သည်ဟု ယူဆပါသည်။

ဥပဒေကြမ်း၏ အခန်း(၃) ပုဒ်မ (၇)ပါ ပြဋ္ဌာန်းချက်များသည် လိုရာကို ဆွဲဆန့်၍ သုံးနိုင်အားကြီးမယ်၊ လိုရင်လိုသလို၊ မလိုရင် မလိုသလိုပေါ့ဟူသော ဆွေးနွေးတင်ပြချက်အရ ကြည့်လျှင်လည်း ယခုထက်ပိုမိုထိမိစေနိုင်သည့် အသုံးအနှုန်းဖြင့် ပြင်ဆင်ရန်ကိုသာ စဉ်းစားအကြံပြုသင့်သည်ဟု ထင်မြင်ပါသည်။

အရှေ့တောင်အာရှ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည့် စင်ကာပူနိုင်ငံတွင် The Undersirable Publications Act ပုဒ်မ ၄(၁)(က)တွင် လိင်ကိစ္စ၊ သည်းထိတ်ရင်ဖိုစရာ၊ ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု သို့မဟုတ် မူးယစ်ဆေးဝါးသုံးစွဲမှု သို့မဟုတ် မူးယစ်စေတတ်သည့်ပစ္စည်း စသည်တို့နှင့် ပတ်သက်သည့်အကြောင်းအရာစသည့် အဆိုပါ ထုတ်ဝေစာများကို ဖတ်ရှုရခြင်းကြောင့် ပြည်သူတို့၏ ကောင်းမြတ်သော အကျင့်စရိုက်ကို ထိခိုက်စေမည် သို့မဟုတ် ထိခိုက်နိုင်ဖွယ်ရှိသည့် ရေးသားချက်များနှင့် ပုဒ်မ ၄(၁)(ခ)တွင် ထုတ်ဝေစာကို အလွယ်တကူဖတ်ရှုရခြင်းကြောင့် လူမျိုး သို့မဟုတ် ဘာသာတရားကို ရန်လိုခြင်း၊ မုန်းတီးခြင်း၊ စိတ်နှလုံးညှိုးနွမ်းစေခြင်း သို့မဟုတ် ရန်မူတိုက်ခိုက်လိုခြင်းစသည့် ခံစားမှုများကို ဖြစ်ပေါ်စေသည့်ဘာသာရေး သို့မဟုတ် လူမျိုးရေးဆိုင်ရာအကြောင်းအရာများကို ခွင့်မပြုနိုင်သော ထုတ်ဝေစာ (Undersirable Publication) အဖြစ် သတ်မှတ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

မလေးရှားနိုင်ငံ၏ The Printing Presses and Publications Act အခန်း ၄၊ ပုဒ်မ ၇ (၁) ၌ အလားတူ ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ ဥပဒေကြမ်း ပုဒ်မ(၇)ပါ ပြဋ္ဌာန်းချက်စည်းကမ်းများသည် စာနယ်ဇင်းလွတ်လပ်ခွင့်အား တားဆီးသည့်ပြဋ္ဌာန်းချက်များ မဟုတ်ဟု ဆိုချင်ပါသည်။

တတိယဝေဖန်သုံးသပ်ချက်မှာ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့် ရုပ်သိမ်းခြင်းနှင့်ပတ်သက်သည့် အချက်များပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ နိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းစနိုင်ငံဖြစ်ပေရာ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းလုပ်ငန်းများအား မှတ်ပုံတင်ခြင်းသည် လိုအပ်ချက်ဖြစ်ပါသည်။ စင်ကာပူ၊ မလေးရှားနိုင်ငံတို့တွင် ပုံနှိပ်စက်များ၊ သတင်းစာများကို မှတ်ပုံတင်မှသာ လုပ်ငန်းလုပ်ကိုင်ခွင့်ရှိပါသည်။ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင်လည်း ပုံနှိပ်ခြင်းလုပ်ငန်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းကို မှတ်ပုံတင်လက်မှတ်ရရှိမှသာ လုပ်ကိုင်ခွင့် ရှိပါသည်။ ထို့အတူ အိန္ဒိယနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင်လည်း ပုံနှိပ်စက်နှင့် သတင်းစာ ထုတ်ဝေလုပ်ငန်းများကို မှတ်ပုံတင်ရပါသည်။ သို့ရာတွင် အဆိုပါ နိုင်ငံနှစ်ခုတို့၌ မှတ်ပုံတင်ခြင်းလုပ်ငန်းသည် ကျန်အခြားသော နိုင်ငံများ၏ မှတ်ပုံတင်လုပ်ငန်းနှင့်တူညီခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

ဥပဒေကြမ်း ပုဒ်မ(၅) ၌ "လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရသူသည် ယင်းလက်မှတ်ကိုရရှိရန် မရိုးမဖြောင့်သော သဘောဖြစ်စေ၊ လိမ်လည်လှည့်ဖြားရန် အကြံဖြင့်ဖြစ်စေ လျှောက်ထားခဲ့ကြောင်းကို သော်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ ဆောင်ရွက်ကြောင်းကိုလည်းကောင်း၊ တစ်နည်းနည်းဖြင့်စိစစ်တွေ့ရှိရပါက ဝန်ကြီးသည် ယင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ပြုနိုင်သည်" ဟု ပြဋ္ဌာန်းထားပါသည်။

ဥပဒေကြမ်း၏ ပုဒ်မ(၃)နှင့် (၄)အရ မှတ်ပုံတင်အရာရှိအား အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် လုပ်ပိုင်ခွင့်ပေးထားသော်လည်း အသိအမှတ်ပြုလက်မှတ်ရုပ်သိမ်းခြင်း၊ ခေတ္တဆိုင်းငံ့ခြင်းကိုမူ မှတ်ပုံတင်အရာရှိထံ အပ်နှင်းမထားဘဲ ဝန်ကြီး၏ လုပ်ပိုင်ခွင့်အဖြစ် ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။ သို့ဖြစ်၍ အသိအမှတ်ပြုလက်မှတ်ရုပ်သိမ်းခြင်းနှင့် ရပ်ဆိုင်းခြင်းကို အလွတ်အကူ ကျင့်သုံးဆောင်ရွက်ခြင်း မပြုနိုင်စေရန် ပြဋ္ဌာန်းခြင်းဖြစ်သည်ဟု သုံးသပ်တွေ့ရှိရကြောင်း တင်ပြလိုပါသည်။ ထို့အပြင် မှတ်ပုံတင်အရာရှိအား အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့် လုပ်ပိုင်ခွင့်ပေးထားခြင်းဖြင့် လုပ်ငန်းရှင်များအဖို့ ကြိုးနီစနစ်လျော့ပါးပြီး လွယ်ကူစွာ ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နောက်ဆုံးအချက်ဖြစ်သည့် သတင်းအေဂျင်စီလုပ်ငန်းများ၊ မှတ်ပုံတင်ခြင်းကိစ္စမှာ စီးပွားရေးလုပ်ငန်းသာဖြစ်၍ ဌာနအနေဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်ပေသည်။ သတင်းအေဂျင်စီ၏ စာနယ်ဇင်းလွတ်လပ်ခွင့်၊ အခွင့်အရေးနှင့်တာဝန်များမှာ သတင်းမီဒီယာဥပဒေအရသာ ကျင့်သုံးဆောင်ရွက်ရမည်ဟု ယူဆပါကြောင်း တင်ပြလိုပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ "ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်း"ကို ယခုကဲ့သို့ ပြည်သူ့ထံ အလျင်အမြန်တင်ပြရခြင်းမှာ ပုဂ္ဂလိက သတင်းစာများထုတ်ဝေခွင့် ချထားပေးမည်ဖြစ်ရာ ဤသို့ချထားပေးပါက တည်ဆဲဥပဒေဖြစ်သော ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ ၁၉၃၁ ခုနှစ် ပုံနှိပ်တိုက် အရေးပေါ်အာဏာများအက်ဥပဒေတို့အရ ဆောင်ရွက်ရသည်ဖြစ်သဖြင့် သတင်းစာထုတ်ဝေသူတို့၏ လွတ်လပ်ခွင့်ကို ထိပါးနိုင်သည့် ပြဋ္ဌာန်းချက်များရှိနေသောကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။ ယင်းတင်းကျပ်သည့် ပြဋ္ဌာန်းချက်မှာ တရားသူကြီးထံ ဝန်ခံချက်ပြုရခြင်း၊ အာမခံ ငွေတင်သွင်းရခြင်းစသည့် ပြဋ္ဌာန်းချက်များပင်ဖြစ်ပါသည်။ ၁၉၆၂ ခုနှစ် ဥပဒေပုဒ်မ ၈(၁)အရ မှတ်ပုံတင် သက်သေခံလက်မှတ်ကို ယာယီ (၆)လ သတ်တမ်းနှင့် ပုဒ်မ ၈ (၂)အရ မှတ်ပုံတင်သက်သေခံလက်မှတ် သက်တမ်းကို (၁)နှစ်သာ ခွင့်ပြုနိုင်ပါသည်။

ဤသို့ဆိုလျှင် အရင်းအနှီးများစွာဖြင့် ဆောင်ရွက်ရသော သတင်းစာထုတ်ဝေသူတို့အနေဖြင့် လုပ်ငန်းလုပ်ရာတွင် အာမခံချက်မရှိဘဲ ကြောင့်ကြစိတ်ဖြင့် လုပ်နေရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန တာဝန်ရှိသူ၏ ပြောကြားချက်အရ "ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ" အရ ရေးဆွဲမည့် နည်းဥပဒေတွင် အသိအမှတ်ပြုလက်မှတ်၏ သက်တမ်းကို နှစ်ရှည်ခွင့်ပြုရန် စီစဉ်ထားကြောင်း သိရပါသည်။ သို့မှသာ သတင်းစာထုတ်ဝေသူသည် သတင်းစာထုတ်ဝေခြင်းလုပ်ငန်းကို စိတ်ချလက်ချ လုပ်ကိုင်နိုင်မည်ဖြစ်သည်ဟု ၎င်းကဆိုပါသည်။

ယခုတင်ပြသည့် ဥပဒေကြမ်းကိုလည်း မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံထုတ်ဝေသူနှင့် ဖြန့်ချိသူလုပ်ငန်းရှင်များအသင်း အမှုဆောင်များအား ၁၄-၂-၂၀၁၃ ရက်နေ့တွင် ရှင်းလင်းဆွေးနွေးပြီးဖြစ်ကြောင်းနှင့် ၎င်းတို့၏အကြံပြုချက်များကိုလည်း ထည့်သွင်းရေးဆွဲထားကြောင်း သိရပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းနှင့်ပတ်သက်၍ မီဒီယာတို့၏ ဝေဖန်သုံးသပ်ချက်များအပေါ် တည်ဆဲဥပဒေများနှင့် အခြားပြည်ပနိုင်ငံတချို့၏ ပြဋ္ဌာန်းချက်များအပေါ် မိမိဉာဏ်မီသမျှ သုံးသပ်ခံစားတင်ပြခြင်းသာ ဖြစ်ပါသည်။ လိုအပ်ချက်များ၊ အကြံပြုချက်များ ရှိလျှင်လည်း ပြည်သူ့ကိုယ်စားလှယ်များမှတစ်ဆင့်လည်းကောင်း၊ စာရေးသား၍လည်းကောင်း အကြံပြုနိုင်ကြပါသည်။ နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးရှေးရှု၍ ဆင်ခြင်သုံးသပ် ဆုံးဖြတ်ဆောင်ရွက်နိုင်ကြပါရန် တင်ပြအပ်ပါသတည်း။ ။

## လွှတ်တော်ရေးရာကဏ္ဍ

### ❖ ပြည်သူ့လွှတ်တော်အစည်းအဝေးမှ

ရှာဖွေဝယ်ယူနေရပါတယ်၊ မြန်မာ့အသံနဲ့ရုပ်မြင်သံကြား၊ ဝက်ဘ်ဆိုက်ကိစ္စကတော့ မီးအချိန်ပြည့်မသုံးရတာကြောင့် အဆင်မပြေပါဘူး။ နိုင်ငံပိုင်သတင်းစာ၊ ပုဂ္ဂလိကဂျာနယ်ကလည်း နေရာအနှံ့မရောက်ပါဘူး၊ ဌာနဆိုင်ရာဝန်ထမ်းတွေကတော့ နေရာအနှံ့မှာရှိပါတယ်။

သူတို့ လက်ကိုင်ကျင့်သုံးတဲ့ဥပဒေတွေကို မြို့နယ်အဆင့်က စတင်ပူးပေါင်းပြီး ကျေးရွာအထိ ကွင်းဆင်းကာ တရားဥပဒေစိုးမိုးရေးနဲ့ဥပဒေရေးဆိုင်ရာအသိအမြင်ဖွင့်သင်တန်းကို ပြုလုပ်ပေးလို့ရပါတယ်။ လူထုအခြေပြုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လို့လည်းရပါတယ်။ ဟောပြောပွဲတို့၊ ဆွေးနွေးပို့ချတာတွေကို အကြိမ်ကြိမ်အဖန်ဖန်ပြုလုပ်ပေးရပါမယ်။ တက္ကသိုလ်ကျောင်းသားတွေကို ဥပဒေသင်ကြားပေးရပါမယ်။ ဥပဒေကျောင်းသား/ကျောင်းသူတွေ သင်ကြားပေးပြီးရင် ပြည်သူလူထုအထိ ကွင်းဆင်းပြီး ဥပဒေအသိအမြင်ပေးနိုင်တယ်ဆိုရင် ကျောင်းသားတွေလည်း ဥပဒေကို ပိုမိုနားလည်သဘောပေါက်လာပြီး ပြည်သူတွေကလည်း ဥပဒေရေးဆိုင်ရာအသိအမြင်ပွင့်လာမှာပါ။ မူလတန်းကျောင်းကနေစပြီး ပြည်သူ့နီတိနဲ့တွဲဖက်ကာ ဟောပြော၊ ပို့ချ၊ သင်ကြား၊ လေ့ကျင့်ပေးဖို့လည်း လိုအပ်ပါတယ်၊ ဒါတွေကို နိုင်ငံတော်အစိုးရကဦးဆောင်ပြီး စီမံကိန်းချဆောင်ရွက်မှ အောင်မြင်နိုင်မှာဖြစ်ပါတယ်။

ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြည်သူလူထုသိဖို့လိုတဲ့ ဥပဒေတွေကို မြို့နယ်အလိုက် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပေးဖို့ ဆောင်ရွက်သွားမယ်လို့ ဖြေကြားခဲ့တာနဲ့ပတ်သက်ပြီး အထူးဝမ်းမြောက်ဂုဏ်ယူပါတယ်။ မြန်မြန်အကောင်အထည်ပေါ်လာဖို့လည်း မျှော်လင့်ပါတယ်၊ ဌာနဆိုင်ရာအားလုံးက ပူးပေါင်းချိတ်ဆက်ပြီး ပြည်သူလူထုအတွက် ဥပဒေရေးဆိုင်ရာအသိအမြင်ဖွင့် သင်တန်းကို ပြုလုပ်မယ်လို့လည်း မျှော်လင့်ပါတယ်” ဟု ပြောပြခဲ့သည်။

အလားတူ ရှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းက **ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)တွင် ကျောင်းသားများ ပြောင်းရွှေ့ပညာသင်ကြားခွင့်ရရှိရေးနှင့် G.T.I အောင်မြင်ပြီးသော ကျောင်းသားများ ပညာဆက်လက်သင်ယူနိုင်ရေး မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း** မေးမြန်းခဲ့ရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ပထမနှစ်၊ ဒုတိယနှစ် ဝိဇ္ဇာ/သိပ္ပံ ပထမနှစ်ဝက်ကျောင်းပိတ်ပြီးဖြစ်သည့်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နေရပ်များသို့ပြန်လည်စေလွှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက ပြောင်းလဲလိုက်သည့် သင်ရိုးညွှန်းတမ်းနှင့်ပညာသင်ကာလအရ ပထမနှစ်ဝက်သင်ကြားခြင်းအတွက် ပထမနှစ်ဝက် (၅)လသင်ကြားမှုပြီးစီးခဲ့ပြီးဖြစ်ရာ ပညာသင်ကာလတစ်ပြေးညီဖြစ်စေရန် ၂၀၁၃ ခုနှစ် ဇွန်လမှစတင်၍ ကျောင်းသားများ ပြန်လည်လက်ခံပြီး ဒီဂရီကောလိပ်(ရန်ကုန်)၌ပင် ဒုတိယနှစ်ဝက် ဆက်လက်သင်ကြားပေးမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များမှ A.G.T.I အောင်မြင်ပြီး B.Tech ပထမနှစ်သို့ တက်ရောက်ခွင့်ရရှိသော ဝန်ထမ်းခန့်အပ်ပြီး အမှုထမ်းငယ်(၈၇)ဦးနှင့် B.Tech ဒုတိယနှစ် တက်ရောက်ရမည့်အမှုထမ်းငယ်(၇၀)ဦး စုစုပေါင်း(၁၅၇) ဦးကို ရန်ကုန်မြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ နေထိုင်မှု၊ စားသောက်မှု စီစဉ်ပေးပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(သန်လျင်)နှင့် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်တို့တွင် တက်ရောက်စေလျက်ရှိပါကြောင်း။

B.Tech သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပြီး B.Tech မှ B.E သင်တန်းသို့ ပေါင်းကူးတက်ရောက်ခွင့်ဖြေဆိုသည့်အမှုထမ်းငယ်(၆၄)ဦးအနက် B.E သင်တန်းတက်ရောက်ခွင့်အောင်မြင်သူ(၆၁)ဦးနှင့် B.E မှ M.E သင်တန်းသို့ တက်ရောက်ခွင့်ဖြေဆိုသည့်အမှုထမ်း(၇၂)ဦးအနက် M.E သင်တန်း တက်ရောက်ခွင့်အောင်မြင်သူ(၁၅)ဦးတို့ကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ ညှိနှိုင်းချက်အရ ၎င်းတို့တာဝန်ထမ်းဆောင်နေသော ဌာနများ၏ ခွင့်ပြုချက်ဖြင့် ၎င်းတို့ဌာနများနှင့် အနီးဆုံးနေရာများရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်မှ နည်းပညာတက္ကသိုလ်များတွင် ဆက်လက်တက်ရောက်စေလျက်ရှိပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ဖြေကြားချက်အပေါ် မေးခွန်းရှင် **ဦးအောင်သိန်း**က “ဖြေကြားတာနဲ့ပတ်သက်လို့ ကျေနပ်မှုရှိပါတယ်၊ ဖြေကြားပေးတဲ့အချက်တွေအနေနဲ့ ပြည့်စုံမှုရှိတဲ့အတွက် ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်၊ အထူးသဖြင့် အခုစာသင်နှစ်မှာ စတင်တက်ရောက်သင်ကြားခွင့်ရခဲ့ပြီး တစ်ဝက်တစ်ပျက်ဖြစ်နေကြတဲ့ ပထမနှစ်ကျောင်းသားတွေကို လာမယ့်စာသင်နှစ်အစဖြစ်တဲ့ ၂၀၁၃ ခုနှစ် ဇွန်လမှာ ရန်ကုန်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ကျောင်းမှာ ဆက်လက်ပညာသင်ကြားပေးမယ်လို့ ဖြေကြားသိရှိရတဲ့အတွက် တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်တစ်ဦးအနေနဲ့ တိုင်းရင်းသားလူငယ်တွေ နောင်ရေးနဲ့ပတ်သက်ပြီး ဖြစ်ပေါ်နေရတဲ့ စိတ်သောကတွေ လျော့နည်းခဲ့ရပါတယ်။ ကျန်အတန်းတွေနှင့်ပတ်သက်လို့လည်း အဆင်ပြေချောမွေ့စွာ ပညာတိုးမြှင့်သင်ကြားနိုင်ဖို့အတွက် စီစဉ်ပေးထားတာတွေကို ဒုတိယဝန်ကြီးက ဖြေကြားပေးတဲ့အတွက် ကျွန်တော့်အနေနဲ့ အထူးပင်ကျေနပ်မိပါတယ်”ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **အထူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**နှင့် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းထားသော **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** တို့ကို ပြင်ဆင်ဆွေးနွေးမည့်ကိုယ်စားလှယ်မရှိသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

**အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း** နှင့် စပ်လျဉ်း၍ ချောင်းဦးမဲဆန္ဒနယ်မှ **ဦးစောလှထွန်း**က“၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် ရောင်စုံသောင်းကျန်းသူတွေ ဆူပူမှုကြောင့် တရားဝင်အစိုးရရဲ့ မြို့ပြအုပ်ချုပ်ရေးကို ခေတ္တရုပ်သိမ်းတဲ့နေ့ကနေ နိုင်ငံတော်သမ္မတက အဲဒီဒေသအတွက် အမိန့်ထုတ်ပြန်တဲ့နေ့အထိကာလကို ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၄ ရဲ့အနက်အဓိပ္ပာယ်အရ ပိတ်ထားတယ်လို့မှတ်ယူဖို့၊ ငွေချေးပဋိညာဉ်အရ ဖြစ်စေ၊ အပေါင်စာချုပ်အရဖြစ်စေ ထုတ်ပေးတဲ့ချေးငွေအပေါ်မှာ ဒါမှမဟုတ် ပေါင်နှံတဲ့အပေါ်မှာ ထိုကာလအတွက် မထိုက်သင့်စေရကြောင်း(အတိုးမပေးရကြောင်း)ပြဋ္ဌာန်းတဲ့ဥပဒေဖြစ်ပါတယ်၊ အဲဒီဥပဒေကို ၁၉၅၀ ပြည့်နှစ် အက်ဥပဒေအမှတ် ၁၉ အဖြစ် ၁၉-၈-၁၉၄၈ရက်နေ့မှာထုတ်ပြန်ခဲ့ပြီး ပုဒ်မပေါင်း(၄) ခုပါရှိပါတယ်။

ယခုအခါ ခေတ်ကာလနဲ့ဆီလျော်မှုမရှိခြင်း၊ အချိန်ကာလကြာမြင့်စွာ ကျင့်သုံးမှုမရှိခြင်း၊ အနာဂတ်ကာလတွင်လည်း ကျင့်သုံးရန်အကြောင်းမရှိခြင်းတို့ကြောင့် ရုပ်သိမ်းဖို့ရေးဆွဲတင်ပြချက်အပေါ် လွှတ်တော်နှစ်ရပ်က ပြင်ဆင်ချက်မရှိ သဘောတူခဲ့ကြပါတယ်”ဟုပြောပြခဲ့သည်။

အစည်းအဝေးကို အစီအစဉ်(၈)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို မတ်လ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ✻ အမျိုးသားလွှတ်တော်အစည်းအဝေးမှ

ထိခိုက်မှုလျော့နည်းသက်သာစေမည့် နည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ဓာတ်သတ္တုရှာဖွေစမ်းသပ်တိုင်းတာခွင့်၊ ထုတ်လုပ်ခွင့်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၏ သဘောထားမှတ်ချက်၊ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ သစ်တော၊ မြေစာရင်း၊ ဒေသခံရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးအပါအဝင်(၁၅)ဦးတို့၏ ထောက်ခံချက်များ ပြည့်စုံစွာပါရှိလာပြီး ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ချထားပေးသော လုပ်ကွက်ဧရိယာများနှင့် လွတ်ကင်းမှုရှိပါက သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကူညီဆောင်ရွက်ပေးနေပါကြောင်းနှင့် အဆိုကို မှတ်တမ်းတင်ထားသင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို မူလအဆိုရှင်၏ ဆန္ဒအရ မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ တင်သွင်းထားသည့် **အမေရိကန်ပြည်ထောင်စု စီးပွားရေးပိတ်ဆို့မှု (Sanction) များအားဖြေလျှော့ပေးခဲ့ရာတွင် ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာ ထွက်ကုန်များ မပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝပြေလျှော့ပေးရေး အမေရိကန်အစိုးရသို့ တောင်းဆိုပေးသွားပါရန်** ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၅)ဦးတို့က ဆွေးနွေးကြသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်းက သမိုင်းအစဉ်အလာရှိခဲ့ပြီးဖြစ်သော အမေရိကန်-မြန်မာချစ်ကြည်ရင်းနှီးမှုကို ပိုမိုကောင်းမွန်တိုးတက်စေရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ကဏ္ဍပေါင်းစုံ ပြုပြင်ပြောင်းလဲရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်နေကြသော အစိုးရ၊ လွှတ်တော်အသီးသီးနှင့် ပြည်သူများ၏ ကြိုးပမ်းမှုများကို အသိအမှတ်ပြုသည့်အနေဖြင့်လည်းကောင်း၊ ချန်လှပ်ထားခဲ့သည့် ကျောက်စိမ်း၊ ကျောက်မျက်ကဏ္ဍစီးပွားရေးပိတ်ဆို့မှုကို လုံးဝဖြေလျှော့ပေးရန် အချိန်တန်ပြီဖြစ်ကြောင်း၊ အမေရိကန်အစိုးရသို့ အသိပေးညှိနှိုင်းဆောင်ရွက်သွားပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က လက်ရှိတွင် မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော နိုင်ငံရေးအခြေအနေပေါ်မူတည်၍ နိုင်ငံတကာမှအသိအမှတ်ပြုအားပေးခြင်း၊ အကူအညီပေးခြင်းများနှင့်အတူ ယခင်ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများကို နိုင်ငံအသီးသီးမှ ရုပ်သိမ်းဖြေလျှော့မှုများ ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းဖြေလျှော့ရာတွင် သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေအရ အချို့နိုင်ငံများအနေဖြင့် ချက်ချင်းဆိုင်းငံ့ပယ်ဖျက်နိုင်ခြင်း၊ ယာယီ/အလုံးစုံဆိုင်းငံ့နိုင်ခြင်းများရှိသော်လည်း အမေရိကန်ပြည်ထောင်စု၏ ကွန်ဂရက်လွှတ်တော်က ချမှတ်ထားသောဥပဒေများ အပြီးတိုင်ဖြေလျှော့ရုပ်သိမ်းရေးမှာ ၎င်း၏လွှတ်တော်က ပြန်လည်ဖြေလျှော့ရုပ်သိမ်းပေးရမည်ဖြစ်ပါကြောင်း၊ အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသောပိတ်ဆို့မှုများ အပြီးသတ်ဖယ်ရှားရေးအတွက် ကြိုးပမ်းရာတွင် သက်ဆိုင်ရာအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်



[ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်]
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)



[ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်]
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

မှုသာမက ဥပဒေပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ ပညာရှင်များ၊ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ လူမှုအသိုင်းအဝိုင်းအားလုံးမှ တက်ညီလက်ညီ စနစ်တကျဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အဆိုနှင့် ပတ်သက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်က “ကျောက်စိမ်း၊ ကျောက်မျက်ရတနာထွက်ကုန်ဟာ နိုင်ငံခြားဝင်ငွေကို နိုင်ငံတော်အတွက် များစွာရှာဖွေပေးတဲ့ လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် အမေရိကန်နိုင်ငံရဲ့ပိတ်ဆို့မှုဟာ နိုင်ငံတော်၊ ကုမ္ပဏီလုပ်ငန်းရှင်တွေ၊ အကျိုးတူတွေအတွက်သော်လည်းကောင်း၊ အခြေခံအလုပ်သမားတွေ၊ ကျောက်စိမ်းကျောက်မျက်နဲ့ ဆက်စပ်လျက်ရှိသော ကျောက်စိမ်းကျောက်မျက်ရတနာကုန်ချောထုတ်လုပ်သော လုပ်ငန်းရှင်တွေ၊ အလုပ်သမားတွေ၊ ဒီလုပ်ငန်းနဲ့ဆက်စပ်ပြီး တစ်နိုင်ငံလုံးငွေကြေးလည်ပတ်မှု၊ နိုင်ငံခြားငွေနဲ့ နိုင်ငံခြားမှ ပစ္စည်းတွေ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းတွေ၊ သယ်ယူပို့ဆောင်ရေး၊ လောင်စာဆီ၊ ဆန်၊ ဆီ၊ ဆား၊ အသား၊ စိုက်ပျိုးမွေးမြူရေး၊ ကုန်မာ၊ ကုန်ခြောက်၊ ကုန်စို၊ ကုန်စုံဆိုင်ဖွင့် လူတန်းစားတွေ၊ ကျောက်စိမ်းကျောက်မျက်ရတနာကုန်ကြမ်းကုန်ချောတွေ၊ ရောင်းဝယ်ရေးအကျိုးဆောင်တွေ၊ စက်ယန္တရားတင်သွင်း ရောင်းဝယ်ခြင်းလုပ်ငန်းတွေ အထက်ပါလုပ်ငန်းအားလုံးနဲ့ ဆက်စပ်လျက်ရှိတဲ့မိသားစုများရဲ့ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးများသော်လည်းကောင်း၊ အားလုံး အားလုံးအပေါ် ထိခိုက်နစ်နာမှုဖြစ်ပေါ်စေပါတယ်၊ ဖြေလျှော့ပေးပါက အထက်အကြောင်းအရာများမှာ ပိုမိုကောင်းမွန်တဲ့၊ ပိုမိုအကျိုးရှိတဲ့ ကောင်းကျိုးကျေးဇူးများကို နိုင်ငံတော်နှင့် ပြည်သူများ အတိုင်းအတာတစ်ခုအထိ ရရှိလာမှာဖြစ်ပါတယ်”ဟု ပြောပြသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲက **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်ထားသော ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအတွင်း ပါဝင်သွားသော လယ်ယာခြံမြေဥယျာဉ်နှင့် ကျေးရွာများအား ပြန်လည်လုပ်ကိုင်စားသောက်နေထိုင်ခွင့်ပြုပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းရာ ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

အစည်းအဝေးကို ညနေ ၃ နာရီခွဲတွင် ရပ်နားလိုက်ပြီး အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို မတ် ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**




**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ကြီးမှူးကျင်းပသော (၁၈)ကြိမ်မြောက် အာဆီယံ ပြတင်းတစ်ပေါက်စနစ် ဥပဒေလုပ်ငန်းအဖွဲ့ အစည်းအဝေး (18th Meeting of Working Group on Legal and Regulatory Matters for ASEAN Single Window)ကို ရန်ကုန်မြို့ Park Royal Hotel ၌ ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပခဲ့ရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်း အဖွင့်အမှာစကားပြောကြားစဉ်။**
(ကြေးမုံ)

ပြည်တွင်းရေးရာ

# ရခိုင်ပြည်နယ်မှ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းကုသ

**ရန်ကုန် မတ် ၆**

ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးကံညွန့်နှင့် ပါမောက္ခဒေါက်တာ ဦးကိုကိုတင် ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့သည် မတ် ၁ ရက်မှ မတ် ၃ ရက်အတွင်း ရခိုင်ပြည်နယ် သံတွဲမြို့ မြပြင်ကျေးရွာ မျက်စိအထူးကုဆေးခန်း၌ မျက်စိဝေဒနာရှင်များအား အခမဲ့ကြည့်ရှုခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါအဖွဲ့တွင် မျက်စိအထူးကု ဆရာဝန် ငါးဦး၊ သူနာပြုဆရာမ ခြောက်ဦး စုစုပေါင်း ၁၁ ဦးပါရှိပြီး မျက်စိဝေဒနာရှင် ၃၁၃ ဦးအား အခမဲ့ကြည့်ရှုပေးခဲ့ပြီး အတွင်းတိမ် လူနာ ၈၃ ဦးတို့အား အခမဲ့ခွဲစိတ်ပေးခဲ့သည်။ မျက်စိဝေဒနာရှင်များမှာ သံတွဲမြို့နယ်၊ ဂွမြို့နယ်၊ ကျောက်ဖြူ မြို့နယ်နှင့် တောင်ကုတ်မြို့နယ်များမှ ဖြစ်သည်။ ၎င်းပြင် မွေးရာပါမျက်ခမ်းတွဲဝေဒနာရှင် လူနာတစ်ဦးကိုလည်း ရန်ကုန်မြို့ မျက်စိဆေးရုံကြီးတွင် ရောက်ရှိနေသည့်စင်ကာပူ မျက်စိကုအဖွဲ့နှင့် ခွဲစိတ်ကုသရန်ခေါ်ယူပေးခဲ့ကြသည်။

ထိုသို့ ကုသရာတွင် ကုန်ကျစရိတ် အဝဝကို အလှူရှင်များဖြစ်ကြသည့် ရန်ကုန်မြို့ ဘောက်ထော်ရပ်နေ ဒေါက်တာဦးတင်ကြည်-ဒေါ်သန်းငွေ မိသားစု၊ စင်ကာပူနိုင်ငံနေ ဒေါက်တာဦးစုံဟန်-ဒေါ်တင်တင်ထွေး မိသားစု၊ ရန်ကုန်မြို့ Mother Trading and Construction မှ ဦးအောင်မြတ် မိသားစုနှင့် ရန်ကုန်မြို့ အင်းစိန်နေ ဦးကြည်လင်း-ဒေါ်စံစံဝင်း မိသားစုတို့က လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



# ကုန်စည်ပို့ဆောင်မှုနှုန်းထားများ

**ရန်ကုန် မတ် ၆**

ယခုနှစ်အဝေးပြေးကုန်စည်ပို့ဆောင်ရေးခရီးစဉ်များတွင် ယခင်နှစ်ကထက် ကားခနှုန်းထားများနည်းသည်ဆိုသော်လည်း မြစ်ဝကျွန်းပေါ်ဒေသများတွင်မူ ယခင်နှစ် ကားခနှုန်းထားများအတိုင်း ရှိနေဆဲဖြစ်သည်ဟု ကားဂိတ်များမှဆိုသည်။

ယခုနှစ် မတ်လဆန်းတွင် ရန်ကုန်-မန္တလေး ကားခတစ်ပိဿာ ၈၅ ကျပ်၊ အဆင်း ၂၈ ကျပ်၊ အသွား၊ အပြန် ကားခတစ်ပိဿာ ၁၁၃ ကျပ်ဝန်းကျင်၊ ရန်ကုန်-တောင်ကြီးခရီးစဉ်တွင် ကားခတစ်ပိဿာ ကျပ် ၇၀၊ အဆင်းကားခ ၂၅ ကျပ်နှုန်း၊ အသွား အပြန် ၉၅ ကျပ်၊ ရန်ကုန်-ဘားအံခရီးစဉ်တွင် ကားခ တစ်ပိဿာ ကျပ် ၃၀ နှုန်း၊ အပြန်ကားခ တစ်ပိဿာကျပ် ၃၀ နှုန်း၊ အသွားအပြန်ကားခ တစ်ပိဿာ ကျပ် ၆၀ နှုန်းရှိကြောင်း အဝေးပြေးကားဂိတ် လုပ်ငန်းရှင်များထံမှ သိရသည်။

ယခုနှစ် မတ်လဆန်း ကားခနှုန်းထားများသည် ယခင်နှစ်ကာလ ဈေးနှုန်းအောက်သို့ ကျဆင်းနေကြောင်းသိရသည်။ မြစ်ဝကျွန်းပေါ်ဒေသခရီးစဉ်များတွင် ယခင်နှစ်မတ်လဆန်းတွင် ရန်ကုန်-ပုသိမ် အသွားအပြန်ကားခ တစ်ပိဿာလျှင် ၄၄ ကျပ်နှုန်း၊ ရန်ကုန်-ဟင်္သာတ အသွားအပြန်ကားခ ၄၂ ကျပ်နှုန်းဖြစ်ရာ ကွာခြားမှုနည်းကြောင်း သိရသည်။ **(မောင်စေအောင်)**

# တစ်ဦးကမေတ္တာ တစ်ဦးကစေတနာ

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍမှာ လယ်ယာကဏ္ဍဖြစ်သည့်အားလျော်စွာ နိုင်ငံတော်အစိုးရသည် တောင်သူလယ်သမားများ၏ လူမှုဘဝနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးအလေးထားမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နွမ်းပါးသည့်တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ထုတ်ချေးပေးမည့် အစီအစဉ်များလည်း ချမှတ်ပြီးဖြစ်ကြောင်းကို မတ် ၂ ရက်နေ့ထုတ် ကြေးမုံစာတည်းရှုထောင့်တွင် ဖတ်လိုက်ရသည်။

ဟုတ်ပါသည်၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းစကာလ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနေချိန်၊ အချိန်ကာလနှင့်ညီစွာ နေရာတိုင်းမှာ ပြောင်းလဲနေကြသည်။ ဟိုတစ်ချိန်ကလို ယနေ့ လယ်သမားတို့ဘဝမှာ နွားလည်းမငေါက်ရ၊ ဖားလည်းမကောက်ရတော့ပါ။ ထွန်တုံးနှင့် နွံမှာရုန်းပြီး နွားမောင်းစရာမလိုတော့ဘဲ ထွန်စရာအတွက် စက်ရှိနေနှင့်ကြပါပြီ။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ မွေးမြူရေးငါးများကို ကျေးလက်အရောက်ဖြန့်ဖြူးပေးခြင်း၊ မိမိတို့ကန်များတွင် တစ်ပိုင်တစ်နိုင်မွေးမြူရန်အသိပညာပေး ဟောပြောခြင်း၊ ငါးသားပေါက်ကန်များ ပြုလုပ်ပေးခြင်းတို့ဖြင့် လယ်သမားတို့အဖို့ ဖားကောက်ပြီး ချက်စရာမလိုဘဲ ကန်ထဲတွင် ငါးက အသင့်ရှိနေနှင့်ကြပြီ။ လယ်သမားတို့၏ကြိမ်လုံးကိုင်သော လက်တွင် ဟမ်းဆက်ကနေရာယူခဲ့ပါပြီ။ လယ်သမားတို့ဘဝ တကယ်အားကျစရာ ဖြစ်အောင် နိုင်ငံတော်အစိုးရက မေတ္တာပြည့်ဝနှလုံးလှစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိနေပေပြီ။

တစ်ဦးကမေတ္တာထားသကဲ့သို့ တစ်ဖက်မှလည်း စေတနာဖြင့် တုံ့ပြန်အကျိုးပြုရန် လိုအပ်လှပေသည်။ မြေလွတ်မြေလပ်မကျန် အသုံးတည့်သီးနှံစိုက်ပျိုးခြင်း၊ တစ်သီးစားမှ နှစ်သီးစားစိုက်ပျိုးခြင်း၊ သိပ္ပံနည်းကျခေတ်မီသောနည်းပညာများဖြင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးလျက် နိုင်ငံတော်၏ဘဏ္ဍာနှင့် ပြည့်ဝမ်းစာများကို ဖြည့်တင်းဆောင်ရွက်ပေးရပေမည်။ အထူးသဖြင့် မိမိတို့အပေါ် နားလည်သိတတ်စွာ မေတ္တာဖြင့် ထုတ်ချေးပေးထားသော စိုက်ပျိုးစရိတ်ချေးငွေများကို မိမိတို့ဘက်မှလည်း အချိန်နှင့် တစ်ပြေးညီ စေတနာပါပါ တာဝန်သိသိနှင့် နိုင်ငံတော်၏ဘဏ္ဍာငွေများ မဆုံးရှုံးစေရန်အတွက် အကျေအလည်ပေးဆပ်ကြရန် လိုအပ်လှပါကြောင်း ရေးသားလိုက်ရပေသည်။

**အောင်ဆွေ (ရွှေတံတား)**



## ယောကျ်ားလေးအသွင်ဖြင့် မြင်တွေ့ရမည့် မင်းသမီး ပက်ဂိုင်ရီ



တောင်ကိုရီးယားပေ့ါပ် အမျိုးသမီးအဆိုတော်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ပက်ဂိုင်ရီတစ်ယောက် ကိုရီးယားဒရမ်မာဇာတ်လမ်းတွဲသစ် The Nail Shop Paris ၌ အဓိက ဇာတ်ဆောင် မင်းသမီးအဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။

အဆိုတော်သရုပ်ဆောင်ရိန်း ဦးဆောင်ဖွဲ့စည်းထားသော တောင်ကိုရီးယား အမျိုးသားအဆိုတော်အဖွဲ့ဝင်များဖြစ်သည့် သန်းဒါ၊ ဆောင်းဂျေရင်း၊ ဂျေအွန် ဂျီဟူးနှင့် အခြား အဆိုတော်များက သူမအား အဖွဲ့ဝင်အဖြစ် ဖိတ်ခေါ် ကြိုဆိုမည့် အနေအထားတွင် ရှိသည်။ မင်းသမီးဂိုင်ရီက ပဲရစ်အမည်ရှိ ခြေသည်း၊ လက်သည်း အလှပြင်ဆိုင်၌ ယောကျ်ားလေးတစ်ဦးအဖြစ် ဟန်ဆောင်ဝင်ရောက် အလုပ်လုပ်သော အင်တာနက် ဆောင်းပါးစာရေး ဆရာမလေး ဟောင်ရီဂျူးအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်လမ်းတွဲ၌ ဂိုင်ရီ၏ ခြေသည်း၊ လက်သည်းအလှပြင် ပညာကျွမ်းကျင်မှုနှင့် ပြောင်မြောက်သောသရုပ်ဆောင်ဟန်များကို မြင်တွေ့ရမည် ဖြစ်သည်။ သူမသည် ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ရှိ သူမ၏ လုပ်ငန်းအစီအစဉ်များကြောင့် မအားလပ် နိုင်ရှိနေ သော်လည်း ယင်းဇာတ်ကားအတွက် သူမ၏ဇာတ်ကောင်ပုံစံကို လေ့လာနေပြီး ကြိုတင်ပြင်ဆင်ထား ပြီးဖြစ်သည်။

ယင်းဒရာမာဇာတ်လမ်းတွဲသစ်ကို ယခုနှစ် ဧပြီလ၌ MBC DRAMA NET နှင့် MBC QUEEN အမည်ရှိ တောင်ကိုရီးယားဖျော်ဖြေရေးကုမ္ပဏီတို့မှ စီစဉ်ရိုက်ကူးသွားမည်ဖြစ်သည်။

ဇေယျာလင်း

## ခွဲဂျီဝူးကို ပြန်လည်မြင်တွေ့ရမည့် Gold, Appear! ဒရာမာဇာတ်ကားသစ်

တောင်ကိုရီးယားသရုပ်ဆောင် ခွဲဂျီဝူးက နှစ်နှစ်ကြာ ပရိသတ်ရှေ့မှ ပျောက်ကွယ်ခဲ့ပြီး ယခုအခါ အမ်ဘီစီရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် ဒရာမာဇာတ်ကားကောင်းတစ်ကားဖြစ်သည့် Gold, Appear! အမည်ရှိ ဇာတ်ကားတွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

သရုပ်ဆောင် ခွဲဂျီဝူးသည် ၂၀၁၁ ခုနှစ်က ရိုက်ကူးခဲ့သည့် Can't Lose အမည်ရှိ ဒရာမာဇာတ်ကားအပြီး နောက်ပိုင်းတွင် သူမ၏ဇာတ်ကားရိုက်ကူးမှုအတွက် ဇာတ်ရွေးချယ်ခြင်းအပိုင်းကို သေချာ စဉ်းစားရွေးချယ်လျက်ရှိပြီး ယခု Gold, Appear! ဒရာမာဇာတ်ကားသည် လီကင်မ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သောဇာတ်ကား တစ်ကားဖြစ်သည်။

အဆိုပါ Gold, Appear! ဇာတ်ကားသည် ဇာတ်ညွှန်းရေးဆရာ ဟန်ချောင်အုတ်၏ ဇာတ်ညွှန်းကို ဒါရိုက်တာကန်ဒဲဆွန်းက ရိုက်ကူးပုံဖော်ပေးထားပြီး ယင်းဇာတ်ကားကို လက်ရှိပြသနေသော Rascal Sons ဇာတ်ကားအပြီး ဧပြီလလောက်တွင် စတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

## ကမ္ဘာကျော် မျက်လှည့်ပညာရှင် ဒေးဗစ်ကော့ပါဖီးလ်၏ ကိုယ်ပိုင်လေယာဉ် အီလီနွိုက်ပြည်နယ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရ

ကမ္ဘာကျော် မျက်လှည့်ပညာရှင် ဒေးဗစ်ကော့ပါဖီးလ်က အမေရိကန်နိုင်ငံ၏ တယ်လီဗေးရှင်းရှိုးတစ်ခုဖြစ်သည့် Today အစီအစဉ်တွင် တွေ့ဆုံမေးမြန်းခန်းရိုက်ကူးရန်အတွက် တနင်္လာနေ့က လာ့စ်ဗီးဂတ်စ်မြို့မှ နယူးယောက်မြို့သို့ ကိုယ်ပိုင်လေယာဉ်ဖြင့် ထွက်ခွာလာစဉ် ယင်းလေယာဉ်သည် အီလီနွိုက်ပြည်နယ် Peoria မြို့သို့ အရေးပေါ်ဆင်းသက်လိုက်ရကြောင်း ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။



"လေယာဉ်က အီလီနွိုက်ပြည်နယ်ရဲ့ Peoria မြို့ကို အရေးပေါ်ဆင်းသက်လိုက်ရပါတယ်။ လေယာဉ်ပေါ်မှာပါတဲ့လူအားလုံး အဆင်ပြေပါတယ်။ ဒါပေမယ့် အရမ်းတော့ ကြောက်နေကြတာပေါ့။ မြေပြင်ကို အန္တရာယ်ကင်းကင်း၊ အဆင်ပြေပြေနဲ့ပဲ ဆင်းသက်နိုင်ခဲ့ပါတယ်"ဟု ဒေးဗစ်ကော့ပါဖီးလ်က ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြသွားခဲ့သည်။

မတ် ၁၅ ရက်တွင် တစ်ကမ္ဘာလုံးသို့ဖြန့်ချိပြသမည့် The Incredible Burt Wonderstone အမည်ရှိ မျက်လှည့်ပညာကို အခြေခံထားသော ဟာသဇာတ်ကားတွင် အကြံပေးတစ်ဦးအဖြစ် ပါဝင်ထားသူ ဒေးဗစ်ကော့ပါဖီးလ်သည် ယင်းဇာတ်ကားနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခန်းရိုက်ကူးရန်အတွက် လာ့စ်ဗီးဂတ်စ်မြို့မှ နယူးယောက်မြို့သို့ ကိုယ်ပိုင်လေယာဉ်ဖြင့် လာရောက်စဉ် ထိုကဲ့သို့ မတော်တဆမှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

"ကျွန်တော်တို့ရဲ့လေယာဉ်ဟာအမြင့်ပေ သုံးသောင်းခုနစ်ထောင်ကျော်မှာ ပျံသန်းနေရင်းနဲ့ ထူးဆန်းတဲ့ အသံကြီးကို ကြားလိုက်ရပြီး လေယာဉ်ကို မထိန်းသိမ်းနိုင်ဘဲ ဖြစ်သွားတယ်။ အဲဒီနောက် ကျွန်တော်တို့လေယာဉ်က အောက်ကိုထိုးဆင်းနေပြီလို့ ပြောတယ်၊ နောက်ဆုံးတော့ ကျွန်တော်တို့အားလုံး မြေပြင်ပေါ်ကို ရောက်ရှိသွားခဲ့တယ်။ တံခါးပေါက်တွေဖွင့်ကြည့်လိုက်တော့ နေရာတိုင်းမှာ နှင်းတွေ ဖုံးနေတာကို တွေ့ရတယ်"ဟု ဒေးဗစ်ကော့ပါဖီးလ်က Peoria မြို့ရှိ Skype မှတစ်ဆင့် Today အစီအစဉ်သို့ ပြောကြားသွားခဲ့သည်။

ဒေးဗစ်ကော့ပါဖီးလ်သည် အင်္ဂါနေ့ နံနက်ပိုင်းက လာ့စ်ဗီးဂတ်စ်မြို့သို့ ပြန်လည်ထွက်ခွာသွားပြီ ဖြစ်သော်လည်း ၎င်း၏ကိုယ်ပိုင်လေယာဉ် အရေးပေါ်ဆင်းသက်ရခြင်းနှင့် ပတ်သက်သည့် အကြောင်းအရင်း အတိအကျကိုမူ မသိရှိရသေးကြောင်း တာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့်


**ဗိသုကာပညာရပ်ဆိုင်ရာဟောပြောပွဲ**

မြန်မာနိုင်ငံဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (၀၂/၂၀၁၃)ကို ၂၀၁၃ခုနှစ်၊ မတ်လ ၉ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ(လှိုင်တက္ကသိုလ်နယ်မြေဝင်း)၊ တတိယထပ် Function Hall တွင် ကျင်းပမည်ဖြစ်ပါသည်။ ယင်းဟောပြောပွဲတွင် "Housing Development Trend and Innovative Construction Methods"ခေါင်းစဉ် ဖြင့် ဦးဇော်ဇော်အေးမှ ဟောပြောမည်ဖြစ်ပြီး ဗိသုကာများနှင့်တကွ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၉ ၇၃၁ ၅၄၄၆၀၊ ၀၁-၅၁၉၆၇၃ ~ ၇၆(လိုင်းခွဲ-၁၁၉)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



ဆက်သွယ်ရန်ဖုန်း -01-657066,657067
09-73103517



EAC
1 (11-3-13)မှ (16-3-13) 3 (18-3-13) မှ (23-3-13)
2 (14-3-13) မှ (19-3-13) 4 (21-3-13) မှ (26-3-13)
0973071901,095385522
02-31505 09-5134987 01-215072



GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383








## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတား အသုံးပြုခကောက်ခံရေးဂိတ်များအား (၂၀၁၃-၂၀၁၄)ဘဏ္ဍာနှစ်အတွက် လေလံလုပ်ကိုင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ လမ်း-တံတားအသုံးပြုခ ကောက်ခံရေးဂိတ်စခန်း (၁၁)ခု၏ ၁-၄-၂၀၁၃ ရက်မှ ၃၁-၃-၂၀၁၄ရက်အထိ လမ်း-တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းလိုင်စင်များကို (B.O.T ကုမ္ပဏီ+ပုဂ္ဂလိက) များအား လေလံ(မဲစနစ်)ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

(က) မဲစနစ်ဖြင့် လေလံလုပ်ကိုင်ခွင့်ပြုမည့်လမ်းဂိတ်များ

| | |
|---|---|
| (၁) ပဲခူး(သနပ်ပင်)ဂိတ် | (ပဲခူးခရိုင်) |
| (၂) အုတ်တွင်း-ဇောမိကုန်းဂိတ် | (တောင်ငူခရိုင်) |
| (၃) သာဂရဂိတ် | (တောင်ငူခရိုင်) |
| (၄) မင်းလှ(စိန်ကန့်လန့်)ဂိတ် | (သာယာဝတီခရိုင်) |
| (၅) ပေါက်ခေါင်း(တာဝ+ရွာပု)ဂိတ် | (ပြည်ခရိုင်) |
| (၆) ပန်းတောင်း(ပုသိမ်-မုံရွာလမ်း)ဂိတ် | (ပြည်ခရိုင်) |

(ခ) မဲစနစ်ဖြင့် လေလံလုပ်ကိုင်ခွင့်ပြုမည့်တံတားဂိတ်များ

| | |
|---|---|
| (၁) စစ်တောင်းတံတား(ရွှေကျင်မြို့) (ဂ) အဆင့်တံတား | (ပဲခူးခရိုင်) |
| (၂) ပဲခူးမြစ်ကူးတံတား(ကဝမြို့) (ဃ) အဆင့်တံတား | (ပဲခူးခရိုင်) |
| (၃) စစ်တောင်းမြစ်ကူး(နတ်သံကွင်းတံတား) (ဃ)အဆင့်တံတား | (တောင်ငူခရိုင်) |
| (၄) မြစ်မခတံတား (ဂ) အဆင့်တံတား | (သာယာဝတီခရိုင်) |
| (၅) သူရဲတန်းတံတား (ဂ)အဆင့်တံတား | (ပြည်ခရိုင်) |

(ဂ) လေလံဖွင့်လှစ်မည့်အချိန် - ၁၅-၃-၂၀၁၃ရက် (သောကြာနေ့)၊ ၁၀း၀၀နာရီ

(ဃ) လေလံဖွင့်လှစ်မည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပဲခူးမြို့။

၂။ ဂိတ်တစ်ခုချင်းအလိုက် လေလံတင်သွင်းခွင့်လျှောက်လွှာနှင့် အသေးစိတ် စည်းကမ်းချက်များ၊ စိတ်ပါဝင်စားကြေးပေးသွင်းရမည့်ငွေကြေး၊ ငွေပေးသွင်းရမည့်ဘဏ်၊ စာချုပ်ပါစည်းကမ်းများကို စုံစမ်းနိုင်ပါကြောင်းနှင့် လျှောက်လွှာများကို ပဲခူးတိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီးရုံး၊ ပဲခူးမြို့တွင် ၈-၃-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး၊ လေလံတင်သွင်းလွှာများကို ပဲခူးတိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီးရုံး၊ ပဲခူးမြို့တွင် ၁၄-၃-၂၀၁၃ရက်(ကြာသပတေးနေ့) ညနေ ၄း၃၀နာရီ နောက်ဆုံးထားတင်သွင်းနိုင်ပါသည်။

၃။ အသေးစိတ်သိလိုသော အချက်များကို ပဲခူးတိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပဲခူးမြို့၊ ဖုန်း- ၀၅၂-၂၁၅၂၃၊ ၀၅၂-၂၁၂၂၀၊ ၀၅၂-၂၄၅၇၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လမ်းတံတားအသုံးပြုခ လေလံလုပ်ကိုင်ခွင့် ကြီးကြပ်ရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့**

# လိဂ်သုံးလိဂ်မှ ထိပ်တန်းအသင်းများ၏ စိတ်ဝင်စားမှုခံထားရသော်လည်း ဆန်းတို့စ်၌သာ ဆက်နေမည်ဆိုသည့် တိုက်စစ်မှူး နေမာ

ဘရာဇီးစီးရီးအေကလပ် ဆန်းတို့စ်အသင်းမှ ထွက်ခွာကာ အခြားအသင်းသို့ပြောင်းရွှေ့ကစားမည်ဟု သတင်းများထွက်ပေါ်နေသော ဘရာဇီးတိုက်စစ်မှူးနေမာသည် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းနှင့် ချိတ်ဆက်မှုများ ပြုလုပ်နေသည်ဟုဆိုသော်လည်း လက်ရှိတွင်မူ ဘရာဇီးမြေ၌သာ ပျော်ရွှင်နေကြောင်း ပြောကြားလာသည်။

အသက် (၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးနေမာသည် ဘောလုံးလောက၏ လူကြိုက်အများဆုံးကစားသမားများထဲမှ တစ်ဦးအပါအဝင်ဖြစ်ပြီး ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်၊ မန်စီးတီးနှင့် ဘိုင်ယန်မြူးနစ်တို့အပါအဝင် ဥရောပ၏ ထိပ်တန်းအသင်းများနှင့် ချိတ်ဆက်မှုများလုပ်ဆောင်နေကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

အဆိုပါ ကောလာဟလသတင်းများထွက်ပေါ်ခဲ့သည်မှာလည်း တိုက်စစ်မှူးနေမာ၏ ဘရာဇီးအသင်းကစားဖော်ဖြစ်သည့် နောက်တန်းကစားသမား ဒန်နီအဲလ်ဘက်က နေမာအား ဘာစီလိုနာသို့ ချိတ်ဆက်ကစားရန် တောင်းဆိုလာခြင်းကြောင့် ပြီးခဲ့သည့်လက နူးကမ်းသို့သွားရောက်ကစားရန် ဆွေးနွေးခဲ့ခြင်းတို့ကြောင့် ဟုဆိုသည်။

သို့ရာတွင် ယင်းကဲ့သို့သော ထင်ကြေးပေးမှုများကို ဆန်းတို့စ်အသင်းဒုတိယဥက္ကဋ္ဌ အိုဒီလီယိုရိုဒရီဂက်စ်က ငြင်းဆိုခဲ့ပြီး ဆန်းတို့စ်အသင်းအနေဖြင့် တိုက်စစ်မှူးနေမာအား စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း အခိုင်အမာပြောကြားခဲ့သည်။

တိုက်စစ်မှူးနေမာကလည်း ဆန်းတို့စ်အသင်းမှ ထွက်ခွာကာအခြားအသင်းသို့ မပြောင်းရွှေ့လိုသေးကြောင်း ပြောကြားခဲ့သည်။





# လမ်းပတ်အား စာချုပ်သစ်ချုပ်ရေး ဆွေးနွေးထားခြင်းမရှိကြောင်း ချယ်လ်ဆီးငြင်းဆို

လန်ဒန်အခြေစိုက် ချယ်လ်ဆီးအသင်းသည် ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်အား စာချုပ်သစ်ချုပ်ဆိုရေးအတွက် ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်ဆိုသော သတင်းများကို ငြင်းဆိုလိုက်ကြောင်း သိရသည်။

ချယ်လ်ဆီးကွင်းလယ်ကစားသမားလမ်းပတ်၏ လက်ရှိစာချုပ်သက်တမ်းသည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် ကုန်ဆုံးတော့မည်ဖြစ်သည်။ သို့ရာတွင် ချယ်လ်ဆီးအသင်းအနေဖြင့် အသက်(၃၄)နှစ်အရွယ်ရှိ လမ်းပတ်အား စာချုပ်သစ်ချုပ်ဆိုရေးထက် အသင်းမှထွက်ခွာခွင့်ပြုရေးကိုသာ ဦးစားပေးဖွယ်ရှိနေသည်။

လမ်းပတ်၏ စတမ်းဖို့ဒ်ဘရစ်ချ်အခြေအနေနှင့် ပတ်သက်၍ မေးမြန်းမှုတစ်ခုတွင် အသင်းနှင့် ဆွေးနွေးမှုများ လုပ်ဆောင်နေဆဲပင်ဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ် ရွန်ဂါလေး၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြထားသည်။

သို့ရာတွင် ချယ်လ်ဆီးအသင်းအနေဖြင့် လမ်းပတ်၏စာချုပ်သစ်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးမှုများ တစ်စုံတစ်ရာ မလုပ်ရသေးကြောင်းဆိုသည်။ ထို့ပြင် ယာယီနည်းပြဘင်နီတက်ဇ်အပေါ်တွင်လည်း လက်ရှိအချိန်တွင် ဖိအားပေးလျက်ရှိသည်။

နည်းပြဘင်နီတက်ဇ်ကမူ အမှားအယွင်းမရှိကစားနိုင်ပါက ယူရိုပါလိဂ်နှင့် အက်ဖ်အေဖလားမျှော်လင့်ချက်ရှိသေးကြောင်း ဆိုသည်။

# ဗီလာနိုဗာ မကြာမီနည်းပြတာဝန် ပြန်လည်ထမ်းဆောင်ရန် ဘာစီလိုနာမျှော်လင့်

ဘာစီလိုနာအသင်းမန်နေဂျာ တီတိုဗီလာနိုဗာအား ယခုနှစ်ဘောလုံးရာသီမကုန်မီ အသင်း၏နည်းပြတာဝန် ပြန်လည်ထမ်းဆောင်လာနိုင်ရန် ဘာစီလိုနာအသင်းက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ဗီလာနိုဗာသည် လက်ရှိတွင် ခရစ္စမတ်မတိုင်မီက ဖြစ်ပွားခဲ့သည့် ၎င်း၏လည်ချောင်းကင်ဆာကို အရှင်းပျောက်ရန် ဆေးဝါးကုသမှုခံယူလျက်ရှိသည်။

အသက်(၄၄)နှစ်အရွယ်ရှိ ဘာစီလိုနာအသင်းနည်းပြ ဗီလာနိုဗာသည် ၎င်း၏ လည်ချောင်းကင်ဆာရောဂါ ခွဲစိတ်ခဲ့ပြီးနောက် ဆေးဝါးကုသမှုအတွက် နယူးယောက်မြို့သို့ တစ်လကြာသွားရောက်ခဲ့ရာတွင် ၎င်း၏ ဘာစီလိုနာအသင်းနည်းပြရာထူးကို လက်ထောက်နည်းပြ ဂျော်ဒီရူရာနှင့် လွှဲထားခဲ့ရသည်။

ဗီလာနိုဗာသည် ၂၀၁၂ ခုနှစ် ဇွန်လတွင် ပက်ဂွါဒီယိုလာအသင်းမှ နုတ်ထွက်သွားပြီးနောက် ဘာစီလိုနာအသင်း၏ အောင်မြင်မှုကို ဆက်ထိန်းထားနိုင်ခဲ့သူဖြစ်ကြောင်း၊ လက်ရှိတွင် နည်းပြဗီလာနိုဗာဆေးကုသမှုခံယူနေခြင်းကြောင့် ပြီးခဲ့သည့်တစ်ပတ်အတွင်း လာလီဂါပြိုင်ဘက် ရီးယဲလ်မက်ဒရစ်အသင်းကို နှစ်ကြိမ်တိုင် ရှုံးနိမ့်ခဲ့ကြောင်းနှင့် ယခုနှစ်ဘောလုံးရာသီမကုန်မီ ပြီးပြည့်စုံသော ကျန်းမာရေးအခြေအနေနှင့် အတူ အသင်းနည်းပြအဖြစ် ပြန်လည်ကိုင်တွယ်လာနိုင်စေရန် ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဆန်ဒရိုရိုဆဲလ်က ပြောကြားခဲ့သည်။

ထို့အပြင် ယခုနှစ်ဘောလုံးရာသီအတွက် နည်းပြဗီလာနိုဗာကျန်းမာရေးကောင်းမွန်စွာ ပြန်လာရန်မှာ ပထမဦးစားပေးဖြစ်ကြောင်း၊ အခြားကိစ္စရပ်များမှာ ဒုတိယအရေးကြီးသည့် အရာများဖြစ်ကြောင်းနှင့် ဗီလာနိုဗာကျန်းမာစွာ ပြန်လာပါက ယခုနှစ်ရာသီသည် အောင်မြင်သောရာသီဟုပင်ဆိုနိုင်ကြောင်း ဘာစီလိုနာအသင်းဥက္ကဋ္ဌက ဆိုသည်။

**နိုင်လင်းကြည်**

**ကျေးဇူး ဆပ်ပါမည်**
ကျွန်တော် ချင်ကွန်ခင်(ခ)မိုးကျော်အုန်း မှတ်ပုံတင်အမှတ်[၁၂/ဗတထ(နိုင်)၀၀၀၁၇၀]၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉၄၂၁၀၃၄၁၈၈**

**ပျောက်ဆုံး**
မောင်လှမျိုးအောင် [၁၀/သထန(နိုင်)၁၇၇၄၀၀]ကိုင်ဆောင်သူ၏ Pass Port No.(M.127713) စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉၅၀၅၀၇၄၄**

**ကျေးဇူး ဆပ်ပါမည်**
ဦးကျော်သီဟ[၁၂/ပဇတ(နိုင်)၀၃၂၄၃၉]ကိုင်ဆောင်သူ၏ Pass Port No.(M.092887) စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၀၅၃၇၆၅၊ ၀၁-၅၅၄၃၀၀

## မြတ်နိုးသူ Travel & Tours Co.,Ltd

**VIP Class**

| | | |
|---|---|---|
| မန်း၊ ပြင်ဦးလွင်၊ ပုဂံ(စွယ်တော်ငါးဆူ)၊ ပုပ္ပါး | Apr:13 | 150000 |
| မန်း၊ ပြင်ဦးလွင်၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး | Apr:13 | 130000 |
| ရွှေစက်တော်၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပခုက္ကူ ပုပ္ပါး | Apr:12 | 130000 |
| မန်း၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ ပြင်ဦးလွင် | Apr:12, 14 | 140000 |
| မန်း၊ ပြင်ဦးလွင်၊ မံစီ၊ ဝမ်တိန်၊ ရွှေလီ(၂ ညအိပ်) | Apr:12 | 220000 |
| မန်း၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ မိုးကုတ် | Apr:13 | 170000 |
| ပုဂံ၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ | Apr:12 | 180000 |
| တောင်ကြီး၊ အင်းလေး၊ လွိုင်ကော်၊ ဒီမောဆိုး | Apr:12, 13 | 180000 |
| တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ | Apr:13 | 140000 |
| မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ ထားဝယ်(ရှင်ကိုးရှင်) | Apr:12, 13, 14 | 160000 |
| ဘားအံ၊ မြဝတီ၊ ကော့ကရိတ်၊ မဲဆောက်၊ ဖဝေါ | Apr:13 | 160000 |

**Star Hotel, Restaurant, New Model Air Coach, Special Services,.....**
**Ph-01-551453, 09 5156297, 09 5014517, 09 5044489, 09 450053758, 09 73162418**

**Upper Class**

| | | |
|---|---|---|
| မန်း၊ ပုဂံ(စွယ်တော်ငါးဆူ)၊ ကျောက်ဆည်၊ ပခုက္ကူ | Apr:12, 13 | 90000 |
| မန်း၊ ပြင်ဦးလွင်၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပခုက္ကူ | Apr:12 | 95000 |
| ရွှေစက်တော်၊ ပုဂံ၊ ပခုက္ကူ ပုပ္ပါး | Apr:12,13 | 90000 |
| မန်း၊ အလောင်းတော်ကဿပ၊ ပြင်ဦးလွင် | Apr:12, 14 | 110000 |
| တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ | Apr:13 | 90000 |
| မန်း၊ ပြင်ဦးလွင်၊ လားရှိုး၊ ရွှေလီ၊ မံစီ၊ ဝမ်တိန် | Apr:12, 13 | 140000 |

* ဟိုတယ်စတိုင်၊ စားသောက်ဆိုင်၊ လေအေးပေးစက်ပါ အဆင့်မြင့်ခေတ်မီလေအိတ်ကားကြီးများ၊ ဝန်ဆောင်မှုများစွာနှင့်-----
* ခရီးစဉ်များအားလုံး တစ်ဆင့်သွားကား၁/စက်လှေ၁၊ တစ်ဖက်နိုင်ငံ နယ်စပ်ဖြတ်သန်းခများ အလုံးစုံပါဝင်ပြီးဖြစ်သည်။
* အထူးမေတ္တာရပ်ခံချက်-ထွက်ရှိမည့်ကားစီးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းထားပေးပါရန်။







## ကြော်ငြာဆိုင်းဘုတ်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ကြော်ငြာဆိုင်းဘုတ်များကိုလည်း စနစ်တကျစိုက်ထူထားရှိစေရေး ဆောင်ရွက်လျက်ရှိပါသည်။ ကြော်ငြာဆိုင်းဘုတ်များနှင့်ပတ်သက် ၍ မြို့နယ်များအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ထားသည့်နေရာများ၌ ကြော်ငြာလို သည့်လုပ်ငန်းများကိုဖော်ပြ၍ လျှောက်ထားနိုင်ပါသည်။ ကြော်ငြာဆိုင်းဘုတ်လျှောက်ထားလိုသူများသည် မြို့တော်ခန်းမရှိ စီမံရေးရာဌာန၊ လုပ်ငန်းရေးရာဌာနခွဲ၊ ကြော်ငြာဌာနစိတ်တွင် ၁၁-၃-၂၀၁၃ရက်မှ ၂၀-၃-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်လျှောက်ထားနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ (အသေးစိတ်အချက်အလက်များကို စီမံရေးရာ ဌာန၊ ကြော်ငြာသင်ပုန်းတွင် ကြည့်ရှုနိုင်ပါသည်။)

**စီမံရေးရာဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**MYANMAR PAGODA CAR RENTAL**
ကားမျိုးစုံကို လချုပ်၊ အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။ အမှတ်(၈)၊ ရွှေနှင်းဆီလမ်း၊ မုန့်လက်ဆောင်းရပ်ကွက်၊ စမ်းချောင်း၊ ရန်ကုန်၊ ဖုန်း-၀၁-၅၁၈၃၅၂၊ ၀၉-၄၃၀၈၈၈၁၀၊ ၇၃၀၇၇၀၂၀




**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်(ပွဲစားမလို)**
စမ်းချောင်း၊ လမ်းသန့်/ကျယ်
Air Con.BR1, Hall လှျာထိုး၊ ထပ်ခိုးပါ၊ ရေချိုးခန်း၊ အိမ်သာ ကွဲပြား/ဘိုထိုင် ရှေ့နောက် သံပန်း ၇လွှာ(သိန်း ၂၂၅)
ဖုန်း-၀၉၅၂၄၀၁၅၀၊ ၀၉၇၃၁၂၄၇၄၂



# လက်ဝတ်လက်စား ခိုးယူသွားသော ဇနီးမောင်နှံအား ၄၈ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီး

**မော်လမြိုင် မတ် ၆**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မှုခင်းရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ် သန်းထွန်းအောင် အနီးကပ်ကြီးကြပ်ပြီး နယ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ်သိန်းစိုးနှင့် နယ်ထိန်းအဖွဲ့ဝင်များသည် လက်ဝတ်လက်စား ကိုးမျိုး တန်ဖိုးငွေကျပ် သိန်း ၄၀ ကျော် ခိုးယူတိမ်းရှောင်ခဲ့သော တရားခံနှစ်ဦးဖြစ်သည့် မော်လမြိုင်မြို့ ကွင်းရပ်ရပ်ကွက် ရတနာမြိုင် (၁)လမ်း အမှတ် (၆၉)နေ မချိုခတ်ပိုင် (ခ)အငယ်မနှင့် ခင်ပွန်းဖြစ်သူ ဇော်မင်းဦး (ခ) သားငယ်တို့အား မတ် ၁ ရက်က ဖမ်းဆီးရမိခဲ့သည်။

အမှုမှာ မော်လမြိုင်မြို့ ဈေးကြိုကားဝင်းအတွင်းရှိ ညွှန့်ပွဲရုံ လုပ်ငန်းပိုင်ရှင် ဒေါ်သိန်းညွှန့်သည် မင်္ဂလာဧည့်ခံပွဲသွားရောက်ရန်အတွက် မိမိပိုင်လက်ဝတ်လက်စား ရွှေထည်ပစ္စည်းများကို ဗီရိုအတွင်း သိမ်းဆည်းထားရာမှ ပျောက်ဆုံးနေကြောင်း တရားလို ဒေါ်သိန်းညွှန့်၏ တိုင်တန်းချက်အရ မှုခင်းရဲစခန်းမှ ကွင်းဆင်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရာ ၄၈ နာရီအတွင်း တရားခံ နှစ်ဦးအား ဖမ်းဆီးရမိသည်။

တရားခံနှစ်ဦး၏ အစစ်ခံချက်အရ လက်ဝတ်လက်စား ကိုးမျိုး တန်ဖိုးငွေကျပ်သိန်း ၄၀ ကျော် ပစ္စည်းများကို သက်ဆိုင်ရာနယ်မြေပိုင် မြို့မရဲတပ်ဖွဲ့စခန်း၏ အကူအညီဖြင့် ရွှေဆိုင်များတွင် ရောင်းချထားရာမှ ပြန်လည်သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။ **ကျော်သန်း (မော်လမြိုင်)**




# ကားအောက်တွင် အိပ်ပျော်နေသူ ကားကြိတ်သေဆုံး

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အနောက်ပိုင်းတက္ကသိုလ် ကျောင်းလမ်းတွင် ခရီးသည်တင်ယာဉ်တစ်စီး ရပ်ထားစဉ် ယာဉ်အကူတစ်ဦးက ယာဉ်အား မောင်းနှင်ထွက်သွားရာ ၎င်းယာဉ်၏အောက်၌ နှစ်ခြိုက်စွာ အိပ်ပျော်နေသော ယာဉ်အကူ၏ ဦးခေါင်းအား နင်းကြိတ်မိသဖြင့် အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားသည်။

ဖြစ်စဉ်မှာ မတ် ၁ ရက် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်တွင် ထန်းတပင်မြို့နယ် အနောက်ပိုင်းတက္ကသိုလ် ကျောင်းလမ်း သရက်ခြံမှတ်တိုင် အနီး၌ အမှတ်(၂၁၁)ယာဉ်လိုင်းမှ ယာဉ်အမှတ် ၄ခ/-----(ဟွန်ဒိုင်း မှန်လုံ)ယာဉ်မှာ တောင်ဘက်သို့ ခေါင်းပြုလျက် ရပ်နားထားစဉ် အဆိုပါယာဉ်၏ယာဉ်နောက်လိုက်(၁) လှမင်းဦး (၃၁) နှစ် အေးမြို့ကျေးရွာ ထိန်ကုန်းအုပ်စု ထန်းတပင်မြို့နယ် နေသူက တက်ရောက်မောင်းနှင်စဉ် ၎င်းယာဉ်၏ အောက်၌ နှစ်ခြိုက်စွာ အိပ်ပျော်နေသော ယာဉ်နောက်လိုက်(၂) ထက်မြတ်မျိုးသန့် (၂၃) နှစ် ပိတောက်(၅)လမ်း ပေါက်တောဝ ရပ်ကွက် အင်းစိန်မြို့နယ်နေသူ၏ ဦးခေါင်းပိုင်းအား နင်းကြိတ်မိသဖြင့် ဦးခေါင်းကြေမွဒဏ်ရာ၊ ဦးနှောက် ပွင့်ထွက်ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားကြောင်း သိရသည်။ **ဇော်ကြီး(ပဏိတ)**

# အမှတ်(၃)သံမဏိစက်ရုံ မီးလောင်

**ကမာရွတ် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမရှိ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ်(၃) သံမဏိစက်ရုံ၌ မတ် ၆ ရက် နံနက် ၁၀ နာရီခွဲတွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ စက်ရုံရှိ ကားဟောင်းများ ထားရှိရာနေရာမှ အပူရှိန်လွန်ကဲကာ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မီးသတ်ယာဉ် ၅၃စီး၊ အုပ်ချုပ်မှုယာဉ် ခြောက်စီးတို့ဖြင့် လာရောက်ငြိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ အခင်းဖြစ်ပွားရာသို့ တိုင်းဒေသကြီး လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းနှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုပြီး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**



**သင့်ကြောင့် မီးမလောင်ပါစေနှင့်**


Nay Lin Aung Finance & Accountancy Academy
အမှတ် - 18(3A ~ 6B),
(4:00 to 10:30 PM)
30-3-2013 (Saturday)
Contact No;
512900, 504737
09-4500-22646
09-73108409,09-5170105

EASY GO TRAVEL & TOURS
(Taiwan) ခရီးစဉ် (၉)ည (၁၀)ရက်
A'fomasa
Tel:01-250835, 395568, 377351, 377352, 09-5069882

ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Mar-15,22,24,25
35000K-
65000K-
45000K-
70000K-
Mar- 22
Mar23
Mar 8 15 22 25
GUEST HOUSE PACKAGE
09-73159071,09-49330287

အာရှနဂါး
ချောင်းသာ / ငွေဆောင်
နံနက် / ည
Ph : 703790,09-861-9008
707062,09-861-7770

CAR RENTAL

သီတိုးမင်း Travels & Tours
Euro Brand Scania 2+1 VIP Seat Car
Mar.22, Apr.13 130000/-
Mar.22, Apr.13 160000/-
Mar.22, Apr.13 160000/-
Mar.22, Apr.13 170000/-
Mar.22, Apr.13 170000/-
Mar.22-26 180000/-
Include Services - 3 stars Hotel, Special Restaurant, Guide-Medical-Gift services

Hotel, Restaurant, Aircon Express
APR 13
APR 12
APR 12

သီတိုးမင်း Travels & Tours
ချောင်းသာ / ငွေဆောင်
Ph:09 73143249,09 73252239,09 73252240

ရွှေထီးပိတ်တန်း
ချောင်းသာ
ငွေဆောင်
01-710436, 701015, 095403844, 09-5044830

09421152677, 09421122687
55000

056-21671
01-391577

KMD (မြန်မာကုန်းစင်တာ)
Computer & Mobile
မတ်လ (၉ ၊ ၁၀)၊ ၂၀၁၃ (စနေ / တနင်္ဂနွေ)
နွေရာသီအထူးဈေးရောင်းပွဲ
ချက်ချင်းရရှိနိုင်မည်
လေးလံအစီအစဉ် Intel Core i3


## လုံးဝမသက်ဆိုင်ကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ မောင်သန်းနိုင်စိုးသည် မိခင်၊ အစ်ကိုနှင့် အစ်မများ၏ ဆုံးမမှုကို မခံယူဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် နောက်နောင်၎င်းနှင့်ပတ်သက်သမျှ ကိစ္စအားလုံးကို မိသားစုမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) — စိန်ရတီမိသားစု

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

အအေးခန်းကုန်သေတ္တာအမှတ် (MWCU-5504470)အား မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသဖြင့်-

၅-၃-၂၀၁၃ ရက်မှ ၁၅-၃-၂၀၁၃ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ ရုံးချိန်အတွင်း ပေးသွင်းသူ၏ အမည်၊ လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ဝယ်ယူနိုင်မည့်ဈေးနှုန်းတို့ကို ဖော်ပြပြီး အောက်ပါလိပ်စာအတိုင်း ပေးပို့တင်သွင်းနိုင်ပါသည်။

U MINN MINN ZAW(095131698)
WIN UNIVERSE LTD.
ROOM 705-BO AUNG KYAW STREET
KYAUKTADA TOWNSHIP
Ph(951)254854, 245617, 371576
Fax:(951) 246673

## အထက်မြန်မာပြည်သတင်း

# ပြည်ကြီးမင်္ဂလာ ကုန်တင်ယာဉ်ရပ်နားစခန်းသို့ ဂိတ်များပြောင်းရွှေ့ဖွင့်လှစ်ရန် ညှိနှိုင်းမှုပြေလည်

**မန္တလေး မတ် ၆**

ပြည်ကြီးမင်္ဂလာ ကုန်တင်ယာဉ်ရပ်နားစခန်း**(ယာပုံ)**သို့ မန္တလေးမြို့တွင်းရှိ ကုန်ဂိတ်များ ပြောင်းရွှေ့ဖွင့်လှစ်ရန် ညှိနှိုင်းမှု ပြေလည်ခြင်းကြောင့် ဖေဖော်ဝါရီနောက်ဆုံးပတ်မှစ၍ ကုန်တင်ဂိတ်များ ပြောင်းရွှေ့ဖွင့်လှစ်မည်ဟု သိရသည်။ မန္တလေးမြို့ပြည်ကြီးတံခွန်မြို့နယ်တွင် အသစ်ဖွင့်လှစ်မည့် ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်းသို့ မန္တလေးမြို့တွင်းရှိကုန်စည်ပို့ဆောင်ရေးဂိတ်များပြောင်းရွှေ့ဖွင့်လှစ်ရန် ဂိတ်ခန်းတစ်ခန်းလျှင် ငွေကျပ် ၁၅၀၀၀၀ ဖြင့်ငှားရမ်းမှု ပြေလည်ခဲ့သည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဂိတ်တစ်ခန်း ငွေကျပ်သုံးသိန်းဖြင့် ငှားရမ်းပြီး ကျပ်သိန်း ၇၀၀ဖြင့် ရောင်းချရန်စီစဉ်ခဲ့သော်လည်း ကုန်တင်ဂိတ်များမှအဆင်မပြေ၍ မြို့တော်စည်ပင်အကြံပေးအဖွဲ့က ညှိနှိုင်းပေးခဲ့ခြင်းဖြစ်သည်။ ကွဲဆည်ကန်ဝန်းကျင်တွင် ယာဉ်ကြောရှုပ်ထွေး၍ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **(ကိုကိုကြီး-မန္တလေး)**






## ဘုရားဖူးများနှင့်ဧည့်အဝင်အထွက်များလာခြင်းတို့ကြောင့် ပခုက္ကူရှင်မတောင်သနပ်ခါးဈေးကွက် ပိုမိုကောင်းလာ

**ပခုက္ကူ မတ် ၆**

ပွင့်လင်းရာသီ ကာလအတွင်း ခရီးသွားဧည့်သည် များလာခြင်း၊ ဘုရားဖူးဧည့်သည်အလာများခြင်း၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာခြင်းတို့ကြောင့် ပခုက္ကူဒေသ သနပ်ခါးဈေးကွက်ကြီးမားကျယ်ပြန့်လာပြီး ယခင်နှစ်များထက် ရောင်းအားမြင့်တက်လာကြောင်းသိရသည်။ ပခုက္ကူဒေသမှထွက်သော ရှင်မတောင်သနပ်ခါးသည် ပြည်တွင်းသာမက ပြည်ပအထိ ပျံ့နှံ့၍ ပခုက္ကူရောက်သူတိုင်း အိမ်အပြန်လက်ဆောင်အဖြစ် ဝယ်ယူကြသည်။**(ဝဲပုံ)** သနပ်ခါးဈေးကွက် တွင်ကျယ်လာသည်နှင့် အမျှ သနပ်ခါးရောင်းဝယ်သူ၊ စိုက်ပျိုးသူများ တစ်နှစ်ထက်တစ်နှစ် များပြားလာသည်။ သနပ်ခါးပင်သည် လူတစ်ရပ်ခန့်ရှိပြီး အပွေးကောင်းလျှင် ကောင်းသလောက် တစ်ပင်လျှင် ကျပ် ၃၀၀၀၀ မှ ကျပ် ၅၀၀၀၀ ဝန်းကျင်ဈေးပေါက်လျက်ရှိပြီး သနပ်ခါးအပင်ကို ပခုက္ကူဒေသရှိ ဘုန်းတော်ကြီးကျောင်းများ၊ ကျေးရွာများအပြင် ငွေကြေးတတ်နိုင်သူများက စီးပွားဖြစ်အပင်ရေ ၃၀၀၀ မှ ၅၀၀၀ နီးပါး စိုက်ပျိုးလာကြောင်းသိရသည်။ သနပ်ခါးခြံတစ်ခြံလျှင် အပင်ရေနှင့်သက်တမ်းပေါ်မူတည်၍ ကျပ်သိန်း ၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေသည်။

"သနပ်ခါးပင်က နှစ်ရှည်ပင်ဆိုတော့ ကြားထဲမှာ သီးထပ်သီးညှပ်စိုက်ထားလို့ရတယ်၊ သနပ်ခါးဈေးကလည်း ကောင်းလာတဲ့အတွက် အပျောက်အရှုကလည်းရှိလာတယ်၊ အစောင့်နဲ့ မျှော်စင်နဲ့ထားရတယ်၊ အပင်သက်တမ်းရင့်ရင်ရင့်သလို ဈေးကောင်းတော့ အစောင့်တွေနဲ့ နေ့ညမပြတ်စောင့်ပေးနေရတယ်"ဟု သနပ်ခါးကို စီးပွားဖြစ်စိုက်သူ ဒေသခံတစ်ဦးက ရှင်းပြသည်။ ပခုက္ကူမြို့၌ ဦးမေယကျောင်းဝင်းကြီးအပြင် မြို့မဈေးမြောက်ခြမ်းတစ်ခွင် သနပ်ခါးဈေးသည်များ ပြည့်ကျပ်လျက်ရှိသည်။ ပခုက္ကူမြို့တစ်ခွင် သနပ်ခါးပွဲရုံများနှင့် သနပ်ခါးသည် စုစုပေါင်း ၅၀၀ ဝန်းကျင်ခန့် ရှိလာသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ ဧည့်အဝင်အထွက် ဘုရားဖူးကားများပိုမို ရောက်ရှိလာကြ၍ ပခုက္ကူမြို့တစ်ခွင် သနပ်ခါးရောင်းဝယ်မှုများလာပြီး သနပ်ခါးရောင်းချခြင်းဖြင့် ဘဝအခြေအနေ ဖူလုံရုံသာမက စီးပွားရေးအရပါ ဖြစ်ထွန်းအောင်မြင်လာကြောင်း သိရသည်။

**(နေဦးမောင်-ပခုက္ကူ)**

## မြို့လူထု၏လိုအပ်ချက်များ ဖြည့်ဆည်းပေး

**စစ်ကိုင်း မတ် ၆**

စစ်ကိုင်းမြို့ မြို့မိမြို့ဖ ဥက္ကဋ္ဌနှင့်အဖွဲ့က မြို့လူထု၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာ ရေလိုအပ်သည့် ကျေးရွာများသို့ ရေဖြန့်ဝေပေးခြင်း၊ ဆရာတော် အရှင်ဆေကိန္ဒက လှူဒါန်းထားသည့် ထော်လာဂျီယာဉ်ဖြင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ သိမ်းဆည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ စစ်ကိုင်းမြို့ မြို့မိမြို့ဖနှင့်အဖွဲ့က စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးရှိ လူနာများကြည့်ရှုရန်နှင့် လူနာစောင့်သူများ ထိုင်ရန်အတွက် တန်ဖိုးငွေကျပ် ၁၀သိန်းဖိုးရှိ SAMSUNG TV 43" တစ်လုံးနှင့် ပလတ်စတစ်ခုံ ၂၅ လုံးတို့ကို မတ် ၄ ရက်တွင် ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်စုစုဒွေးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(၅၃၁)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## အိပ်စင်အထူးအမြန်ရထား ပြန်လည်ပြေးဆွဲ

**မန္တလေး မတ် ၆**

မန္တလေး-မြစ်ကြီးနား အမှတ်(၃၃) အဆန်အထူးအမြန်ရထားကို ဖေဖော်ဝါရီ ၂၆ ရက်တွင် လည်းကောင်း၊ မြစ်ကြီးနား-မန္တလေး အမှတ်(၃၄) အစုန်အထူးအမြန်ရထားကို ဖေဖော်ဝါရီ ၂၇ ရက်တွင် လည်းကောင်း ရက်ခြားပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

အမှတ် (၃၃) အဆန်ရထားသည် မန္တလေးမှ အပတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ စနေနေ့များတွင် ညနေ ၅နာရီ ၅၅ မိနစ်တွင် ထွက်ခွာပြီး အမှတ်(၃၄) အစုန်ရထားသည် မြစ်ကြီးနားမှ အပတ်စဉ် တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ထွက်ခွာလျက်ရှိသည်။ လမ်းခရီး၌ ရွှေဘို၊ ကောလင်း၊ မိုးညှင်း၊ ဟိုပင်၊ မိုးကောင်းဘူတာများတွင် ရပ်တန့်ပေးကြောင်း သိရသည်။ **သီဟကိုကို (မန္တလေး)**


## စိန်ရတုဝိဇာတမွေးနေ့မင်္ဂလာ

ရေဦးမြို့၊ လေးထပ်ကြီးပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဝေဒိတ မဟာထေရ်မြတ်၏ သက်တော် (၇၅)နှစ်ပြည့် စိန်ရတုဝိဇာတ မွေးနေ့မင်္ဂလာပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပြည်တွင်း၊ ပြည်ပရှိ ဆရာတော်၏ တပည့်သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ရိုသေလေးစားစွာဖြင့် ပင့်လျှောက်ဖိတ်ကြားအပ်ပါသည်။

**နေ့ရက် - (၁၃၇၄ခုနှစ်၊ တပေါင်းလဆန်း ၂ရက်)**
**၁၃-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)**
**အချိန် - နံနက် ၅နာရီမှ ၁၂နာရီထိ**
**ဌာန - လေးထပ်ကြီး ပရိယတ္တိစာသင်တိုက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး**

**ဖြစ်မြောက်ရေးအဖွဲ့**



## အစ်မတော်စောမွန်လှဘုရား စိန်ဖူးတော်နှင့် ရွှေထီးတော်အသစ် တင်လှူဖို့ နှိုးဆော်အပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်စောမွန်လှသစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတဘက်စေတီတော် ၁၁-၁၁-၂၀၁၂ရက်က ငလျင်ဒဏ်ကြောင့် စိန်ဖူးတော်နှင့် ရွှေထီးတော်ပျက်စီးနေပါသဖြင့် အစ်မတော်စောမွန်လှနှင့် မြနန်းနွယ်၊ နဂါးမယ်တော်၊ ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော်များမှ စုပေါင်းပြီး အသစ်တစ်ဖန် စိန်ဖူးတော်နှင့် ရွှေထီးတော်တင်လှူမည့်ပွဲ၌ ပါဝင်ကုသိုလ်ပြုဖို့ နှိုးဆော်အပ်ပါသည်။

**နဂါးကိုးကောင်ဆရာတော်နှင့်အကျိုးတော်ဆောင်**
**ဖုန်း-၀၉-၄၀၂၅၂၁၇၅၅၊ ၀၉-၄၀၃၇၀၆၈၆၀၊ ၀၉-၄၀၂၅၂၃၃၃၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။**



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### သဘာဝပိုဇိုလန်ထုတ်လုပ်ရေးစက်ရုံ(ပုပ္ပား)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနလက်အောက်ရှိ သဘာဝပိုဇိုလန်ထုတ်လုပ်ရေးစက်ရုံ(ပုပ္ပား)တွင် အသုံးပြုပြီး ပိုဇိုလန်(၁)တန်အိတ်ခွံအပျက် (၆၁၀၁) လုံးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပိတ်ရက်- ၁၅-၃-၂၀၁၃ရက် (သောကြာနေ့)
မွန်းတည့် ၁၂:၀၀နာရီ

၃။ အသေးစိတ်အချက်အလက်များအား သဘာဝပိုဇိုလန်ထုတ်လုပ်ရေးစက်ရုံ(ပုပ္ပား)၊ ဖုန်း-၀၉၈၆၁၀၃၈၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**



## အထူးကျေးဇူးတင်ရှိခြင်း

၃၁-၁-၂၀၁၃ရက် နံနက် ရန်ကုန်-နေပြည်တော် အမြန်လမ်း (၁၁၆)မိုင်တွင် ကျွန်တော်စီးသော SURF ကားတွင် ချွတ်ယွင်းမှုအား စေတနာဖြင့် အသိပေးပြောကြားပေးခဲ့သော ကားဖြူလေးနဲ့ မိတ်ဆွေ(၂)ဦးအား အထူးကျေးဇူးတင်ရှိပါသည်။

**ဖုန်း-၀၉-၅၀၆၈၈၈၈**



## ဆက်သွယ်လှူဒါန်းနိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ တောင်ပြုံးကြီးရွာ၊ သမိုင်းဝင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ ဂန္ဓကုဋီတိုက်အာရုံခံတန်ဆောင်းများကို ပြန်လည်မွမ်းမံပြင်ဆင်သွားမည် ဖြစ်ပါသည်။ ယခင်ဆောင်ရွက်ခဲ့သော မှန်စီ၊ မှန်ကပ်လုပ်ငန်းများမှာ အချိန်ကာလ ကြာညောင်းသဖြင့် အရောင်မှိန်ခြင်း၊ ကွဲအက်ခြင်း၊ ကွာကျခြင်း၊ အများပြည်သူများ ကြည်ညိုဖွယ်မဆောင်ခြင်းကြောင့် ဘက်စုံမွမ်းမံပြင်ဆင်ရန် လိုအပ်နေပါသည်။ စေတနာရှင်၊ ကုသိုလ်ရှင်များလည်း ဆုတောင်းပြည့်၊ ဆုတောင်းရ မြတ်စွာဘုရား ဂေါပကအဖွဲ့နှင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဆုတောင်းပြည့်၊ ဆုတောင်းရ ဂေါပကအဖွဲ့**
**တောင်ပြုံးကြီးရွာ၊ မတ္တရာမြို့နယ်**
**ဖုန်း-၀၉-၄၃၁၀၀၉၈၄၊ ၀၉-၄၃၁၅၀၆၈၁**



## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၁ဂယ/၈၇၃၅၀၊ အမျိုးအမည် Jialing 90 အမျိုးအစား m/c ယာဉ်လက်ဝယ်ရှိသူအမည် ဦးထွန်းဦးမိုး(ခ)မောင်စိုး မှတ်ပုံတင်အမှတ် [၉/မထလ(နိုင်)၀၆၂၆၄၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**



**မူးယစ်ဆန့်ကျင်**
**အောင်ပွဲဆင်**

အခန်းဆက်ဝတ္ထု

# နှင်းငွေတစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



**(ယမန်နေ့မှအဆက်)**

ပရိသတ်က ရယ်ကြပြန်သည်။

"ပြီးမြောက်ပြည့်စုံတဲ့ ခန္ဓာသဘောဖြစ်တဲ့ ရသစာပေ တစ်ခုကို ခွဲခြမ်းစိတ်ဖြာ လေ့လာမယ်ဆိုရင် ဒီအန္တရာယ် မျိုးတွေ့နိုင်ပါတယ်"

"ဒါပေမယ့် လေ့လာပြီဆိုကတည်းက ခွဲခြမ်းစိတ်ဖြာ မှုကို ရှောင်လွှဲလို့ အခါခပ်သိမ်းမရတော့ဘူး၊ ဒီတော့ သတိတမံဉာဏ်မြေကတုတ်လုပ်ပြီး ခွဲခြမ်းစိတ်ဖြာ ကြည့် ကြရအောင်"

"ကျွန်တော့် တစ်ဦးတည်းအမြင်အရ ရသစာပေ ကောင်းမှန်ရင် ဂုဏ်သတ္တိသုံးရပ် ပါဝင်ပါတယ်"

"ပထမဆုံး ဂုဏ်သတ္တိကတော့ 'ခံစားမှု စည်းစိမ်ပေး နိုင်ခြင်း' ဖြစ်ပါတယ်၊ ဒုတိယ ဂုဏ်သတ္တိကတော့ 'သိမြင်မှု ထက်မြက်စေခြင်း' ဖြစ်ပါတယ်၊ ဒီနေရာမှာ နှစ်ပိုင်းထပ် ခွဲရပြန်ပါတယ်၊ 'ပတ်ဝန်းကျင်' ကို သိမြင်မှု ထက်မြက်စေ ခြင်းနဲ့ မိမိရဲ့ 'အဇ္ဈတ္တ' သိမြင်မှု ထက်မြက်စေခြင်းတို့ ဖြစ်ပါတယ်၊ တတိယ ဂုဏ်သတ္တိကတော့ 'လောကအမြင် ပေးနိုင်ခြင်း' ဖြစ်ပါတယ်၊အဲဒီ အခြေခံဂုဏ်သတ္တိတွေ အကြောင်း အသေးစိတ် ဆက်တင်ပြလိုပါတယ်"

ဦးမြင့်နွယ်က မြန်မာ့စာပေနှင့် ကမ္ဘာ့စာပေမှ နမူနာ များကို ကောက်နုတ်ကိုးကားပြီး တစ်ချက်ချင်း ရှင်းလင်း ဟောပြောသည်။

အကြောင်းအရာက လေးလည်း လေးနက်သည်။ ကျယ်လည်း ကျယ်ဝန်းသည်။ စာပေအနုပညာရေးရာ သာမကစာပေအနုပညာရေးရာတို့နှင့် ကင်းလွတ်၍မရ သော သမိုင်းရေးရာနှင့် တော်လှန်ရေးလှုပ်ရှားမှု အကြောင်းများလည်း ပါဝင်သည်။

ဟောပြောပွဲမှာ အချိန်နှစ်နာရီမျှ ကြာမြင့်သွား သည်။ ခံယူမှုလေးနက်သော ပရိသတ်ဖြစ်ခြင်းကြောင့် အချိန်ကြာခြင်းကို ငြီးငွေ့သော အရိပ်အယောင်တစ်ချက် မှ မတွေ့ရ။

ဟောပြောပွဲပြီးသောအခါ ပါမောက္ခချုပ်က "မင်းဥစ္စာ စာတမ်းတစ်ခုဖြစ်အောင် ရေးဖို့ကောင်းတယ်"ဟု မှတ် ချက်ပေးသည်။

အခန်းတွင်း အခန်းပြင်နှင့် လမ်းများပေါ်တွင် လူပရိသတ် ရှင်းသည်အထိစောင့်ပြီးမှ ဦးမြင့်နွယ်သည် ကားလေးကိုမောင်းပြီး အိမ်ပြန်လာခဲ့သည်။

ပထမမူ အချိန်ရသေးသဖြင့် ဂေါက်ကွင်းသို့ ပြေး မည်ကြံသေးသည်။ သို့ရာတွင် လူညောင်းညာလွန်းနေ သည်။

အဖြစ်မဟုတ်ဘဲ တာဝန်ရှိရှိ ဟောပြောရန် ပြင်ဆင် ရခြင်းသည် အပင်ပန်းသား။ ညောင်းညာပင်ပန်းသည့် ကြားမှ ဂေါက်သွားရိုက်လျှင် ဂေါက်သီးဟိုထွက်၊သည် ထွက်နှင့် ရိုက်ဖော်ရိုက်ဖက်များကို နှောင့်ယှက်ရာကျတော့ မည်။ မနက်ဖြန်၌လည်း ခရီးထွက်ရဦးမည်။

ဦးမြင့်နွယ်သည် အပေါ်ထပ်ခုတင်ပေါ်တွင် လဲ လျောင်းရင်း အပန်းဖြေနေသည်။

အပန်းဖြေသည်သာ ဆိုရသည်။ စိတ်က ဟောပြော ခဲ့သည့် အချက်အလက်များဆီ ပြန်ရောက်နေ၏။

စာကောင်းပေကောင်းသည် ပတ်ဝန်းကျင်ကို သိမြင် မှု ထက်မြက်စေရမည်ဟု မိမိဟောပြောခဲ့၏။

မိမိ၏ ဆိုဗီယက် မိတ်ဆွေတစ်ဦးက မေးခွန်းထုတ် ဖူးသည်။ ဘာကြောင့် မြန်မာစာပေတွေမှာ သစ်ရွက်ကြွေ တာတွေ၊ လေတိုက်တာတွေ၊ တိမ်ဆင်တာတွေ၊ နှင်းကျတာ တွေ၊ မြူဆိုင်းတာတွေ၊ ပန်းပွင့်တာတွေ စသည်စသည် တွေကို ဖွဲ့ကြရသနည်းဟူ၍ဖြစ်သည်။

> "မြန်မာစာဆိုတို့သည် မြန်မာ့တောတောင် ရေမြေသဘာဝ၏ အလှကိုမြင်လည်းမြင်၍ မြတ်နိုးလည်းမြတ်နိုး၍ စပ်ကြဖွဲ့ကြ၏။ သူတို့စာတွေကြောင့် ခေတ်အဆက်ဆက် ပြည်သူတို့သည် ကိုယ့်ပြည် ကိုယ့်မြေ၏ အလှကိုမြင်သည်၊ သိသည်၊ မြတ်နိုးကြသည်။"

မိတ်ဆွေက အပြစ်ရှာခြင်းမဟုတ်။ စေတနာကောင်း ဖြင့် သိလို၍ မေးခြင်းဖြစ်သည်။

မိမိက ဖြေခဲ့ရသည်။ မြန်မာပြည်သည် လှသည်။ အလှဟူသည်ကို မြင်နေကျမှုလည်း အလှကို ပို၍မြတ်နိုး သည်။

မြန်မာစာဆိုတို့သည် မြန်မာ့တောတောင် ရေမြေ သဘာဝ၏အလှကို မြင်လည်းမြင်၍ မြတ်နိုးလည်းမြတ် နိုး၍ စပ်ကြဖွဲ့ကြ၏။

သူတို့စာတွေကြောင့် ခေတ်အဆက်ဆက် ပြည်သူတို့ သည် ကိုယ့်ပြည်ကိုယ့်မြေ၏ အလှကိုမြင်သည်၊ သိသည်၊ မြတ်နိုးကြသည်။

'အင်းဂလစ်ရှ်မင်း အင် ဟစ် နေချား ပိုအမ်စ်'ခေါ် သော သုံးသပ်ရေးစာတမ်းတစ်ခုကို ဖတ်ဖူးသည်။ အင်္ဂလိပ်စာဆိုတို့သည် သူတို့ ရေမြေတောတောင် သဘာဝအလှတွေကို စာဖွဲ့လေ့ရှိသည်။ ယင်းစာတွေ၏ ကျေးဇူးကြောင့် အင်္ဂလိပ်တို့၌ သူမတူသောပြည်ချစ်စိတ် ရှိသည်ဟု ကောက်ချက်ချထားသည်။

'ဘားမင်း အင် ဟစ် နေးချား ပိုအမ်စ်'ဟုလည်း စာတမ်းတစ်ခု ပြုစုနိုင်သည်။ နဝဒေး၊ နတ်ရှင်နောင်၊ ဦးမင်း၊ ဦးကြင်ဥ၊ မြဝတီမင်းကြီး စသည်တို့၏ သဘာဝ အလှစာများမှ မြန်မာပြည်သူတို့၏ကမ္ဘာတွင် မသေးသိမ် သော ပြည်ချစ်စိတ်ကို ခြေရာကောက်ပြနိုင်သည်။

အမှန်က ပြည်ချစ်စိတ်အပါအဝင် အချစ်စိတ် ဟူသမျှ၌ အခြေခံ သံယောဇဉ်ရှိရမည်။ လောကုတ္တရာ အတွက်ကား တစ်ကဏ္ဍဖြစ်၏။ လောကီအတွက်မူ မှန်ကန်သော သံယောဇဉ်သည် မရှိမဖြစ် လိုအပ်လှလေ သည်တကား။

ဦးမြင့်နွယ်သည် ခုတင်ထက်မှ ထလိုက်သည်။

ပြတင်းဝတွင်ရပ်ပြီး အပြင်ရှိ လှပသောနတ်တော်လ ရာသီ ရှုခင်းကို ငေးကြည့်သည်။

ဩော် . . . နတ်တော်ဆန်းလုပြီ။ နတ်တော်ဆန်း လုပြီဆိုတော့ နတ်တော်ဆန်းချိန်မှာ လွမ်းလွမ်းဆွတ်ဆွတ် ကိုယ့်ပြည်ကိုယ့်မြေကို တမ်းတခဲ့ရှာသော 'ရှင်ထွေးနာသိန်' ကို သတိရမိသည်။

ပဒေသရာဇ်ခေတ် ရာဇဝတ်ဘေးကြောင့် အင်းဝမှ နေ၍ ရှင်ထွေးနာသိန်သည် မင်းကြီးညို စိုးစံရာ တောင်ငူ သို့ပြေးဝင်ခိုလှုံရရှာသည်။ အသက်ဘေးကြောင့် ပြေးခဲ့ရ ရှာသော်လည်း ရှင်ထွေးနာသိန်သည် ဇာတိမြေကိုမူ ထာဝ စဉ် လွမ်းဆွတ်နေရှာဟန်တူသည်။ သူ့လက်အောက် မှာဆိုတော့ သူ့ပြည်ကိုကျော်၍ ကိုယ့်ပြည်ကိုလွမ်းသည်ကို ထင်ထင်ပေါ်ပေါ် လွမ်းနိုင်ခွင့် ရှိဟန်မတူ။

ရှင်ထွေးနာသိန် ကွယ်လွန်မှ မင်းကြီးညိုကိုယ်တိုင် လာကြည့်သောအခါ ခေါင်းအုံးအောက်မှ တိတ်တခိုး အလွမ်းစာကို တွေ့ရသည်။

"နတ်တော်ဆန်း၍၊ လျှံထွန်းရောင်ဝါ၊ သူရိယာလျှင်၊ အဝါမမူ၊ အဖြူအနီ၊ စုံစီခြယ်လွှင်၊ ပြင်ထပ်တွင်နှိုက်၊ နေဝင်မြင်သည်၊ ဝရွှေပြည်ကား၊ ဆီးရည်ပတ်ချုပ်၊ မှိုင်း အုပ်ပျပျ၊ ပုညတောင်ဆီ၊ ရီလျက်မလင်း၊ မဝင်းအုံ့မှိုင်း၊ စစ်ကိုင်းတဘက်၊ သန်လျက်ပေါ်ထွန်း၊ ကျွန်းများတံခွန်၊ နန်းဗိမာန်မှာ၊ လေသွန်ပြည့်လှည့် လိမ့်တကား"

နောက်ပါးမှ ခပ်အုပ်အုပ် ချောင်းဟန့်သံ ကြားရ သောကြောင့် ဦးမြင့်နွယ်က လှည့်ကြည့်သည်။

တပည့်ကျော် သက်ဝေက ခြေစုံချ၍ ရပ်နေ၏။

"ဘယ်လိုလဲကွ၊ မင်းဟာက ခြေသံမပေး ဘာမပေးနဲ့"

သက်ဝေက နှုတ်ခမ်းရှေ့ လက်ညှိုးကို ကန့်လန့်ဖြတ် ထောင်ထားပြီး 'ရှူး'ဟု မှုတ်သည်။

ဘာမှန်းမသိသော်လည်း ဦးမြင့်နွယ်က လေသံနှိမ့်ပြီး မေး၏။

"အဲဒါကကော ဘာသဘောလဲ"

သက်ဝေက လေသံဖြင့်ပင် တိုးတိုးပြော၏။

"အောက်ထပ်မှာ မိန်းမပျိုလေးတစ်ယောက် ရောက် နေတယ်၊ ကောင်မလေးမဟုတ်ဘူး၊ မိန်းမပျိုလေးတစ် ယောက်"

"ဘာလဲ ကျောင်းသူလား"

"ကျောင်းသူလည်း မဟုတ်နိုင်ဘူး၊ ဆရာမလည်း မဟုတ်နိုင်ဘူး၊ အဲဒါတော့ သေချာတယ်"

"ဘယ်လို သေချာတာလဲ"

"မိန်းမပျိုလေးက မေးတယ်၊ ဒါ . . . ဒေါက်တာ ဦးမြင့်နွယ် အိမ်လားတဲ့၊ ကျွန်တော်က ကွန်ဖမ်မေ့တစ်နဲ့ ဖြေတော့ ထပ်မေးတယ်၊ သူ့ကားက ဖင်မလီယာတူးဒိုး အပြာလေး မဟုတ်လားတဲ့၊ ဒါကိုတော့ ကျွန်တော်က ဆိတ်ဆိတ်နေဝန်ခံခြင်းသဘောလောက်ပဲ ပြလိုက်တယ်၊ ကျောင်းသူဖြစ်စေ၊ ဆရာမဖြစ်စေ မှန်ရင် ကားအရောင်နဲ့ အမျိုးအစားကို ဘာမှပြောနေဖို့ မလိုဘူး၊ ခုဟာက တစ်စုံ တစ်ရာကြောင့် စုံစမ်းလိုက်လာတဲ့ သဘောကိုဆောင် နေတယ်၊ ကျွန်တော် တွေးခေါ်တာ မှန်တယ် မဟုတ်လား ဆရာ"

"အာ . . . သိပ်မှန်တာပေါ့၊ ဒါထက် မင်းက ဘာလို့ တိုးတိုးတိတ်တိတ် လုပ်နေရတာလဲ"

"ဆရာ သူ့ကားကို ပွတ်ဆွဲမိခဲ့လား"

"ဘာရယ်"

"ဆိုက်ကားက တစ်မျိုး၊ မြင်းလှည်းက တစ်မျိုးနဲ့ ဟောဒီမန္တလေးမှာ ခဏခဏ ကားချင်းပွတ်မိတတ်တယ်၊ ဆရာ ပွတ်ခဲ့လို့ လျော်ကြေးလိုက်တောင်းတာဆိုရင် ကြံသာဖန်သာအောင် ဆရာအိပ်နေလားမသိဘူးလို့ နည်း နည်း ခေါက်ထားခဲ့တယ်၊ ဆရာမတွေ့ချင်ရင် အိပ်ပျော် နေတယ်လို့ ကျွန်တော် သတင်းပြန်ပို့လိုက်မယ်"

ဦးမြင့်နွယ်၏ ရင်မှာ သတိမပြုမိမီ ခုန်လာ၏။

"ကိစ္စမရှိပါဘူး သက်ဝေ၊ ငါ ဆင်းတွေ့လိုက်ပါ့မယ်"

ဦးမြင့်နွယ်က သက်ဝေကိုကျော်ပြီး ရှေ့မှ ဆင်းလာ ခဲ့၏။

လှေကားခုလတ်မှ ခေတ္တရပ်ပြီး ကြည့်မိသည်။ မျှော် လင့်သည့်အတိုင်း မှန်ပါ၏။

မွန်မွန်ပါ။

မွန်မွန်၏ မျက်နှာလေးမှာလည်း ဝင်းခနဲ တောက် ပသွား၏။ သွားလေးများ လက်အောင် ပြုံးလိုက်ပြီး ထိုင် ရာမှထရန် အားယူနေသည်။

" ထိုင်နေပါ မွန်မွန်၊ ထိုင်နေပါ ကိစ္စမရှိပါဘူး "

ဦးမြင့်နွယ်က သွက်သွက်ဆင်းခဲ့ပြီးမွန်မွန်နှင့် မျက် နှာချင်းဆိုင်ရှိ ဆက်တီကုလားထိုင်တွင် ဝင်ထိုင်သည်။

မွန်မွန့်ဘေး ကုလားထိုင်တွင်ကား တွေ့နေကျ အဖော်အမျိုးသမီး ထိုင်နေ၏။

ဦးမြင့်နွယ်က ပြုံးပြီး မွန်မွန့်မျက်နှာလေးကို ကြည့် သည်။

မွန်မွန့်မျက်နှာလေးကလည်း ပြုံးနေသည်။ သာမန် ပြုံးသည်မဟုတ်ဘဲ တစ်စုံတစ်ရာကို ကျေနပ်ဝမ်းသာဟန် ရွှင်ပျသည့်အပြုံးလေးဖြစ်၏။

"ဒီလိုဆိုတော့ ဆရာက မွန်မွန့်ကို တွေ့ချင်သားပါ နော်"

"ဘယ်လို ဘာပြောလိုက်တယ် မွန်မွန်"

**(ဆက်လက်ဖော်ပြပါမည်)**



www.stiedu.net

STI Education

like no other

Certificate in

TEFL

"အင်္ဂလိပ်ဘာသာဆရာဖြစ် သင်တန်း"

- အင်္ဂလိပ်ဘာသာဆရာဖြစ် သင်တန်းဖြစ်ပါသည်။ သင်တန်းပြီးဆုံးပါက ကမ္ဘာတစ်ဝန်းလုံးတွင် အင်္ဂလိပ်ဆရာအဖြစ်အသက်မွေးနိုင်ပါသည်။
- ကလေးသူငယ်နှင့် ဆယ်ကျော်သက်အရွယ်အင်္ဂလိပ်ဘာသာသင်ကြားလိုသူများအတွက် ဆရာဖြစ်သင်တန်းဖြစ်ပါသည်။
- ပါရဂူနည်းပြများနှင့် Professional Trainer များမှ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလ (၃)လ ကြာမြင့်ပါမည်။
- သင်တန်းပြီးဆုံးပါက LTTC-UK မှ အောင်လက်မှတ် ရရှိပါမည်။

PABEDAN: No.377, Upper Shwe Bon Thar St., Pabedan Tsp.,
MICT PARK: R-7, B-4, Myanmar Info-Tech, Hlaing Campus.
Tel: 377988, 0103450475, 507048, 507151/52, 09 420254872

Always balloon decoration and printing centre မှ မင်္ဂလာဆောင်၊ မွေးနေ့ပါတီ၊ ကုမ္ပဏီဖွင့်ပွဲ၊ ကားအရောင်းပြခန်းအားလုံးအတွက် balloon အလှဆင်ခြင်းနှင့် Hotel နှင့် Company အားလုံးအတွက် ကုန်အမှတ်တံဆိပ် Logo များကို balloon ပေါ်တွင် print ရိုက်နှိပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနေပါပြီ။

**အခန်း(၂)၊ တိုက်(၂၅)၊ ရွှေအုန်းပင်အိမ်ရာ၊ ရန်ရှင်းလမ်း၊ ရန်ကင်း**
**ဖုန်း-၀၉-၄၅၀၀၅၇၅၅၃၊ ၀၉-၄၅၀၀၆၆၇၄၃**

မြန်မာနိုင်ငံသားတိုင်းအတွက်စာအုပ်တစ်အုပ်-
နိုင်ငံအောင်လင်း မြူဘာသာပြန်သော
ဒီမိုကရေစီစနစ် (Democracy) &
အစိုးရကောင်း (Good Government) &
နိုင်ငံသားကောင်းကျင့်ဝတ် (Good Citizen Action)
မိုးမြင့်ကြယ်စာပေ၊ ဖုန်း-၀၉ ၇၂၃၃၆၅ ၀၉ ၅၁၅၅၃၇၃

**ပျောက်ဆုံး**

ကျွန်တော် ဦးသိန်းထွန်းအောင်၏ နိုင်ငံကူးလက်မှတ်(A-236855)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

**ဖုန်း-၇၃၀၆၉၀၄၄**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၇ရပ်ကွက်၊ ၅၇လမ်း၊ မြေကွက်အမှတ်(၄၉/ခ)၊ အကျယ်အဝန်း (၀. ၀၅၄)ဧကရှိ မြေပိုင်မြေကွက်ကို တရားဝင်ဝယ်ယူပြီး လက်ဝယ်ပိုင်ဆိုင်ထားရှိသူ ဦးဝင်းတင့်အောင်[၉/မနမ(နိုင်)၀၉၇၁၂၃]ထံမှ ဒေါ်Gထုဘူ[၁/မကန(နိုင်)၀၀၂၀၀၇]က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပတ်သက်သက်ဆိုင်သူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်**
**ဖုန်း-၀၉-၅၁၈၁၈၂၀**


စီးပွားရေးလုပ်ငန်းများအတွက်
လက်လွတ်မခံသင့်သော ရင်းနှီးမြှုပ်နှံမှု
သီရိရတနာ
လက်လီလက်ကား ရောင်းဝယ်ရေးနှင့်
အဝေးပြေး ကုန်တင်ယာဉ် ရပ်နားစခန်း
(မြောက်ဥက္ကလာပ)
(၆)လမ်းသွား သုဓမ္မာလမ်းမကြီးနဲ့ အမှတ်(၃)လမ်းမကြီး ဆုံရာမှာ တည်ရှိပြီး အောင်မင်္ဂလာအဝေးပြေးဂိတ်ကို ဆယ်မိနစ်ပဲ လမ်းလျှောက်သွားရတဲ့ နေရာမှာရှိလို့ သွားရေးလာရေး လွယ်ကူတယ်
မော်တော်ဆိုင်ကယ်နှင့်စက်ဘီးအပိုပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်း၊ တာယာ၊ ဘက်ထရီ၊ အင်ဂျင်ဝိုင်၊ လယ်ယာသုံးစက်ကိရိယာ၊ အိမ်ဆောက်ပစ္စည်း၊ အိမ်အလှဆင်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းတွေ တစ်နေရာတည်းမှာ ရနိုင်တဲ့ဈေးကြီးဖျ။ ငွေပေးငွေယူကိစ္စ လွယ်ကူစေဖို့ ဘဏ်တွေလည်းပါတယ်။
ထိုင်းနိုင်ငံက ဆွဲတဲ့ဒီဇိုင်းနဲ့
၂၀ ပေ × ၄၅ ပေ × (၂) ထပ်နဲ့
၁၄ ပေ × ၄၅ ပေ × (၂)ထပ်
အဆောက်အဦးတွေဆောက်မှာ .....ရှယ်ပဲ
Good!
GMP WHOLESALE MARKET
TOYOTA
ENTRANCE
နယ်ကုန်သည်တွေအတွက် အခန်း ၁၅၀ ပါတဲ့ ဟိုတယ် ၂လုံးလည်း ရှိမယ်။ စားသောက်ဆိုင်တွေလဲ ပါမယ်
ပေ(၄၀) ကွန်တိန်နာ ယာဉ်အထိ ကုန်တင် ကုန်ချ လုပ်နိုင်တဲ့ ယာဉ်ရပ်နားဖို့ နေရာတွေ ပါတယ်။
ယာဉ်အစီးရေ ၂၀၀၀ လောက် ရပ်နားနိုင်တာကွ
ဈေးကြီးထဲမှာ နှစ်လမ်း မောင်းက (၃၆) ပေ၊ တစ်လမ်းမောင်းက(၁၈)ပေ ကျယ်လို့ လွယ်ကူစွာ ဝင်ထွက်နိုင်တယ်။
Developed by
၂၄၅၊ ဗားဂရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်း
01 516533~6
01 524963, 526928

# ဗုဒ္ဓဂယာမြေမြတ်မဟာ၌ သာသနာရောင်ဝါထွန်းလင်းစေဖို့ သာသနိကအဆောက်အအုံ လှူကြစို့





[illegible]

**အလှူခံဌာနများမှာ–**

၁။ ဆရာတော် ဒေါက်တာနန္ဒသာဘ (M.A.,Ph.D)
VisitingProfessor(New Age International University.USA)
[illegible]
Email-ndbatha@gmail.com, web-www.bmission.net;
www.bmission.blogspot.com.

[illegible]



## ABC Computer Sales & Services

အမှတ် ၁၈၂၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ကျောက်တံတားမြို့နယ်။

Ph:01-388165, 010-4985596

Hotline 09-73144094



- New Laptop, PC
- Windows Installation
- Phone Sales and Service
- Network Services
- Domain Sales
- Software Installation
- Web Development
- Repairing & Back Up

ကွန်ပျူတာဝယ်ဖို့၊ စနစ်တကျပြုပြင်ထိန်းသိမ်းဖို့၊

ABC Computer ဆိုင်ကို သတိရပါ။

www.abcmyanmar.com, www.facebook.com/abc.agga

မော်ဒယ်မြင့်ကားများအတွက် ကွန်ပျူတာဘောက်သင်တန်း

အမှတ်စဉ် (၁၄)(၁၅)(၁၆) ပုံမှန်တန်းခွဲသစ်များကို

မတ်လ ၂၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်

အကြိုမိတ်ဆက်နှစ်ရက် (အခမဲ့) သင်တန်းကိုအပတ်စဉ်စနေ၊ တနင်္ဂနွေ နေ့များတွင် ဖွင့်လှစ်လျက်ရှိပါသည်၊ကြိုတင်စာရင်းပေးသွင်းရန်လိုသည်။

Engine Doctor Engineering

No, 102, GFloor, 52nd st, Middle, Yangon. Tel : 09 4211 444 95, 96, 97



## အောင်စကြာဓမ္မရိပ်သာ သကြံန်တရားစခန်းပွဲ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ အောင်စကြာဓမ္မရိပ်သာ၌ (မဟာဓမ္မကထိကဗဟုဇနဟိတဓရ) အောင်စကြာ ဘဒ္ဒန္တစန္ဒသူရိယ ဆရာတော်သည် ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို အခြေခံမှစ၍ ကျေးဇူးတော် ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏မူအတိုင်း ၂၀၁၃ခုနှစ် ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ဟောပြောပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများဧပြီ ၈ရက်နောက်ဆုံးထား၍ နေ့စဉ်မွန်းလွဲ ၁နာရီမှ ညနေ ၆ နာရီအတွင်း အမည်စာရင်းပေးသွင်းကြပြီး မှတ်ပုံတင်၊ ယောဂီဝတ်စုံ၊ အိပ်ရာလိပ်လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများယူဆောင်၍ ဧပြီ ၁၀ရက်နေ့ ညနေ ၅နာရီ အရောက်လာကြရပါမည်။ နေ့ဆွမ်း၊ အရုဏ်ဆွမ်း၊ အချိုပွဲဖျော်ရည်များကို ဖုန်း- ၂၂၄၆၈၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။



**ဆိုးရှုးဒသီ မမ္မဒါန**

ရှေ့ရောက်တော် Mach-8 & Mach-15

[illegible]

09-421153797





## မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။

☎ - ၀၉-၄၄၈၀၂၅၃၄၂
၀၉-၇၃၂၃၄၆၅၆
၀၉-၇၃၂၂၉၉၈၅





၉တန်း အောင် ၁၀တန်းတက်မည့် ကျောင်းသား/သူများအတွက်
၁၀တန်း အားရမှတ်ကောင်းများနှင့်ဘွဲ့ရွှေ့ဆက်ပြတ်ရက်ထုတ်ဖော်စေဖို့ .....

**ဦးရဲပင်းပိုင်(သင်္ချာ)၁၀တန်း၊၉တန်း**

ပြန်ခွဲ ၁၀တန်း-၉တန်း၊ အသာခံ(သင်ကျွက်စစ်)ပိုင်း-၅၀၀၀၀-ပုံမှန် ၂၅၀၀၀

(၇.၃.၂၀၁၃မှည်) ၇တန်း မှ ၁၀တန်း သင်္ချာအင်္ဂလိပ်စာတန်းခွဲများ

၁၆၅-ဆိပ်ကမ်းသာလမ်း(လယ်) ဦးရဲပင်းပိုင်စာသင်ခန်း၊ ၀၉ ၇၃၁ ၆၁၁၄၀



## ပြင်ဆင်ဖတ်ရှုပါရန်

၄-၃-၂၀၁၃ရက် ကြေးမုံ သတင်းစာ စာမျက်နှာ(က)ပါ"ကန့်ကွက်နိုင်ကြောင်းကြေညာချက်" တရားလွှတ်တော်ရှေ့နေ ဒေါ်အေးအေးမူ ကြေညာချက်တွင် ကွယ်လွန်သူ ဦးအောင်နိုင်အား ဦးအောင်နိုင်ဦးဟု ပြင်ဆင်ဖတ်ရှုပါရန်နှင့် ဒေါ်ခင်ဖြူ(ခ)ဖြူဖြူခိုင် [၁၂/ခခန(နိုင်)၀၄၃၂၉၈] အား [၁၂/စခန(နိုင်)၀၄၃၂၉၈]နှင့် ဦးခင်မောင်ထွန်း [၁၂/ခခန(နိုင်)၀၅၅၆၄၅]အား [၁၂/စခန(နိုင်)၀၅၅၆၄၅]ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။



ACADEMIC WEEKLY Educational Journal ပညာရေးဂျာနယ် Vol.2, No.10

ထွက်ပြီ

စာမေးပွဲအောင်ကြောင်း ယတြာကောင်း...

CCA

A Very Important Essays/ Letters for High-Flyers

Ph : 292465





FREE SERVICES

**Myjobs**.com.mm

URGENT

Myanmar's No.1 Job Site

## Driver

အတွေ့အကြုံရှိသော ယာဉ်မောင်းများ လျှောက်ထားနိုင်ပါသည်။ထိုက်တန်သောလစာနှင့် အခွင့်အလမ်းကောင်းများက သင့်ကိုစောင့်ကြိုနေပါသည်။

စိတ်ပါဝင်စားသူများ အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**Address**

No.3,Mindama Road, ShweKabar Housing (5th Street),
Mayangone Township, Yangon, Myanmar.
Website : www.myjobs.com.mm, Email: info@myjobs.com.mm,
Phone : 01-4411361/4411362 (9AM to 6PM)



**မန္တလေးတိုင်းဒေသကြီး၊မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်**
**အောင်ဇေယျာရပ်ကွက်၊ အကွက်အမှတ်-၉/ဈ၊ အောင်ဇေယျာ၊ ဦးပိုင်အမှတ်-၁၀၀ရှိ**
**မြေကွက်အမှတ်-၇၃+၇၄၊ဧရိယာ(၅ ・၃၀၆)ကေနှင့်အကွက်အမှတ်-၉/ည၊**
**အောင်ဇေယျာ၊ဦးပိုင်အမှတ်-၅၀+၁၀၅ရှိ မြေကွက်အမှတ် ၃၁+၆၉+၇၀+၇၁+၇၃+၇၄+၇၅၊ဧရိယာ(၁၀ ・၅၇၄)**
**ကေရှိစုစုပေါင်းဧရိယာ(၁၅ ・၈၈၀)ကေရှိသော မြေကွက်တို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**

အထက်ရည်ညွှန်းချက်ပါ တည်နေရာအတိုင်းအတာရှိ မြေကွက်များသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင်းမှ လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါသည်။ အထက်ဖော်ပြပါတည်နေရာအတိုင်းအတာရှိ မြေကွက်များနှင့် အကျိုးခံစားခွင့်များကို ကျွန်ုပ်မိတ်ဆွေ ဒေါ်မြင်း၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အဆိုပါမြေကွက်တို့အား လွှဲပြောင်းရောင်းချခြင်း၊ မြေစာရင်းပုံစံ(၁၀၅) ရေးကူးခြင်း၊ ဂရန်လျှောက်ထားခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ငှားရမ်းခြင်း၊ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခြင်း အစရှိသည်တို့ကို မပြုလုပ်ကြရန်နှင့်အကယ်၍ပြုလုပ်ခဲ့ပါက ကျွန်ုပ်၏မိတ်ဆွေမှ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင်း[၉/မထလ(နိုင်) ၀၅၃၅၈၅]၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဝေအောင်**
**LL.B, D.B.L,D.M.L,D.I.L,WIPO (Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၂၄၀၁၀)နှင့်ဥပဒေအကြံပေး**
**အမှတ် ၅၂၊ပ-ထပ်၊ ၁၆၅ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၇၃၁၆၂၆၇၆**

**ပြည်သူ့လွှတ်တော်အစည်းအဝေး**

# ဥပဒေကိုမသိရှိ၍ အပြစ်ပြုလုပ်ခဲ့ပါက ထုချေခွင့်မရှိသဖြင့် ဥပဒေကို ကျယ်ပြန့်စွာနားလည်ရန် အရေးကြီး

**နေပြည်တော် မတ် ၆**

ပြည်သူ့လွှတ်တော်အစည်းအဝေး(၂၂)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းကကျင်းပရာ ကွန်ဟိန်း မဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၏ **တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကျေးလက်နေပြည်သူများ ကျယ်ပြန့်စွာ သိရှိနားလည်နိုင်ရန် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ဖျက်သိမ်းခြင်း၊ ပြင်ဆင်ခြင်းနှင့် အသစ်ပြန်လည်ရေးဆွဲခြင်းများ ဆောင်ရွက်ခဲ့သောဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်နိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ကြေညာခြင်း၊ နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးခြင်းများအပြင် ပြည်သူများ စဉ်ဆက်မပြတ်သိရှိနိုင်စေရန် ပုဂ္ဂလိကဂျာနယ်များ၊ မဂ္ဂဇင်းများ၊ အင်တာနက်သတင်းဌာနများ၊ တရားဝင်ထုတ်ပြန်ထားရှိသည့်သမ္မတရုံးနှင့် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်များ၌လည်း ထည့်သွင်းဖော်ပြပေးလျက်ရှိပါကြောင်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်ကလည်း နိုင်ငံတော်က ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းလိုက်သည့်အခါ နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းထုတ်ပြန်ကြေညာပါကြောင်း၊ ယင်းဥပဒေကို မသိရှိသဖြင့် အပြစ်ပြုလုပ်ခဲ့ပါက ထုချေခွင့်မရှိပါကြောင်း၊ သို့ဖြစ်၍ ဥပဒေကို ကျယ်ပြန့်စွာနားလည်ရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားရေးဂျာနယ်ကို သုံးလတစ်ကြိမ် ဖြန့်ချိလျက်ရှိပါကြောင်း၊ ၎င်းဂျာနယ်တွင် အများပြည်သူအလွယ်တကူနားလည်နိုင်သည့် ဆောင်းပါးနှင့်အမေး၊ အဖြေပုံစံများဖြင့် ထည့်သွင်းဖော်ပြခဲ့ပါကြောင်း၊ ထို့ပြင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင်လည်း ဥပဒေရေးရာဆောင်းပါးများကို ရေးသားဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားရုံးများက လိုက်နာသင့်သည့်စီရင်ချက်များကိုရွေးချယ်ပြီး စီရင်ထုံးအဖြစ် တစ်နှစ်တစ်ကြိမ် ပုံနှိပ်ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ၊ ဟောပြောပွဲများတွင် တရားသူကြီးများ၊ တရားရေးအရာရှိများ ပါဝင်တက်ရောက်ပြီး ဥပဒေပညာပြန့်ပွားရေးကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ဖြေကြားချက်အပေါ် မေးခွန်းရှင် **ဒေါ်နန်းဝါနု**က "ဥပဒေ၊ နည်းဥပဒေတွေကို မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား၊ နိုင်ငံပိုင်သတင်းစာ၊ ပုဂ္ဂလိကဂျာနယ်၊ ဝက်ဘ်ဆိုက်မှာဖော်ပြပေးတယ်၊ စာအုပ်ထုတ်ဝေရောင်းချပေးတယ်လို့ ဖြေကြားချက်အပေါ်မှာတော့ အထူးသဖြင့် ဥပဒေဆိုင်ရာစာအုပ်တွေဟာ အလွယ်တကူဝယ်ယူလို့မရပါဘူး၊ စီးပွားရေးတွက်ခြေမကိုက်တော့ ထုတ်တာနည်းပြီး သိပ်မရောင်းချပါဘူး။ စိတ်ပါဝင်စားသူတွေအနေနဲ့

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**



**ပထမအကြိမ်ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့ ကျင်းပစဉ်။** (သတင်းစဉ်)

**အမျိုးသားလွှတ်တော်အစည်းအဝေး**

# ဓာတ်သတ္တုရှာဖွေစမ်းသပ်တိုင်းတာခွင့်၊ ထုတ်လုပ်ခွင့်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိ



**ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့သို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။** (သတင်းစဉ်)

**နေပြည်တော် မတ် ၆**

ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ်(၉)ခုဖြင့် ကျင်းပသည်။

အစည်းအဝေး၌ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း တင်သွင်းထားသည့် **ချင်းပြည်နယ် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့်လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှုအနိမ့်ကျဆုံးသော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးတည်ချက်ထား၍ ခွင့်ပြုပေးနိုင်ပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးတို့က ဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေက သတ္တုအမှန်တကယ်ထွက်ရှိသည့် သစ်တောကြိုးဝိုင်းထဲတွင်လည်း Community Forest ပုံစံလုပ်ပြီး သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် တူးဖော်ခွင့်ပေးသင့်ပါကြောင်း၊ တူးပြီးသည်နှင့် သစ်ပင်ပြန်စိုက်စေသည့်စနစ်ဖြစ်ပြီး သစ်တောတာဝန်ခံများနှင့် သတ္တုတူးဖော်သည့်ကုမ္ပဏီများကို မူလသစ်တောပုံစံ၊ သတ္တုတူးဖော်ပုံ၊ တူးဖော်ပြီးနောက် အပင်ပြန်စိုက်နေပုံတို့ကို စနစ်တကျ ဓာတ်ပုံမှတ်တမ်းများ ထားရှိပြီး ကြပ်မတ်သွားမည်ဆိုလျှင် နှစ်ဦးနှစ်ဖက် အောင်မြင်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ သတ္တုလည်းရရှိပြီး သစ်တောလည်းတိုးပွားစေမည့် အခြေအနေဖြစ်ပါကြောင်း၊ ဩစတြေးလျနိုင်ငံသည် ယနေ့ကမ္ဘာ့ထိပ်တန်းသတ္တုတူးဖော်သည့် နိုင်ငံဖြစ်ပြီး နိုင်ငံတစ်ဝန်း သတ္တုတူးဖော်နေကြသော်လည်း သစ်တောကဏ္ဍမှာ မှန်မှန်တိုးတက်နေပါကြောင်း၊ သတ္တုကုမ္ပဏီများက တူးဖော်ပြီးနေရာများတွင် သစ်တောများကို စနစ်တကျပြုစုပျိုးထောင်၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုကို ဖြစ်စေသည့် စံပြသတ္တုတူးဖော်သည့်လုပ်ငန်းများ ထူထောင်ထားနိုင်သည်ကို နမူနာယူသင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့် စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သတ္တုစမ်းသပ်တိုင်းတာဆောင်ရွက်မည့်လုပ်ငန်းများအပေါ် သတ်မှတ်စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳**


